International IDEA
Institute for Democracy and Electoral Assistance

Perludem
Perkumpulan untuk Pemilu dan Demokrasi

# အာရှ-ပစိဖိတ်ဒေသ ဒီမိုကရေစီ အလားအလာ ၂၀၂၃ ခုနှစ်

ဆွေးနွေးပွဲ စာတမ်း ၁/ ၂၀၂၃

# အာရှ-ပစိဖိတ်ဒေသ ဒီမိုကရေစီ အလားအလာ ၂၀၂၃ ခုနှစ်

ဆွေးနွေးပွဲ စာတမ်း ၁/ ၂၀၂၃

**International IDEA**
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်- +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ်   - www.idea.int

© ၂၀၂၃ ခုနှစ် - ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့
© ၂၀၂၃ ခုနှစ်၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည်။

International IDEA (ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေးနိုင်ငံတကာအဖွဲ့) မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံအလိုက် အကျိုးစီးပွားများ သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားများ မစွက်ဘဲ သီးခြားလွတ်လပ်မှုရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများသည် International IDEA ၏ ရှုမြင်ပုံများ သို့မဟုတ် ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများဖြစ်သည်ဟု ယတိပြတ် မဆိုနိုင်ပါ။

တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ ပိုင်ဆိုင်သော ရုပ်ပုံများနှင့် ဓာတ်ပုံများမှတပါး ဤစာအုပ် အီလက်ထရောနစ် ထုတ်ဝေမှုကို Creative Commons Attribution-NonCommercial-ShareAlike 3.0 (CC BY-NC-SA 3.0) လိုင်စင်ဖြင့် ရရှိနိုင်ပါသည်။ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ပေးပို့ခြင်း၊ ရှေ့နောက်ပြန်လည် စီစဉ်ခြင်း၊ လိုက်လျောညီထွေ ပြုပြင်ခြင်းများကို စီးပွားဖြစ်ရောင်းချရန် မဟုတ်ပါက သင့်တော်သော အရင်းအမြစ်ဖော်ပြချက်များ ထည့်သွင်းလျက် တူညီသောလိုင်စင် (ခွင့်ပြုချက်) ထပ်ဆင့်ပေးအပ်လျက် လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါသည်။ နောက်ထပ် သိရှိလိုပါက Creative Commons ဝက်ဘ်ဆိုက် <http://creativecommons.org/licenses/by-nc-sa/3.0/> တွင် လေ့လာနိုင်ပါသည်။

**International IDEA**
စတွန်းစ်ဘော့ဂ်
SE - ၁၀၃၊ ၃၄ စတော့ဟုမ်း
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - <http://www.idea.int>

စာအုပ်ဒီဇိုင်းနှင့် စာမျက်နှာခင်းကျင်းစီစဉ်ပုံ - International IDEA

ISBN: 978-91-7671-682-3
DOI: https://doi.org/10.31752/idea.2023.2

# ကျေးဇူးတင်လွှာ

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သော အာရှ-ပစိဖိတ်ဒေသ ဒီမိုကရေစီ အလားအလာ ၂၀၂၃ ခုနှစ် ဖိုရမ်ဆွေးနွေးပွဲ (Democracy in Asia and the Pacific 2023 Outlook Forum) ၏ နောက်ဆက်တွဲအဖြစ် ဤစာတမ်းကိုပြုစုပါသည်။ ဖိုရမ်ဆွေးနွေးပွဲကို အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် International IDEA နှင့် Perludem တို့က ပူးပေါင်းစီစဉ်ခဲ့ခြင်းဖြစ်ပါသည်။

ဤဆွေးနွေးပွဲစာတမ်း အကောင်အထည်ပေါ်ရန် ဆွေးနွေးသုံးသပ်ချက်များဖြင့် အကူအညီ ပေးခဲ့ကြသူများအား ကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် ဖိုရမ်ဆွေးနွေးပွဲတက်ရောက်ပြီး တန်ဖိုးမဖြတ်နိုင်သောဆွေးနွေးချက်များကို စာဖြင့်ရေးသား၍လည်းကောင်း နှုတ်ဖြင့်လည်းကောင်း ပါဝင်ဆွေးနွေးပေးခဲ့သည့် တွေ့ဆုံမေးမြန်းမှုဖြေကြားပေးသူများနှင့် ဖိုရမ်ဆွေးနွေးပွဲတက်ရောက်သူများကို ကျေးဇူးတင်ရှိပါသည်။ အကျိုးသက်ဆိုင် ပါဝင်သူများအနေဖြင့် မဟာဗျူဟာ စီမံကိန်းရေးဆွဲရေးအတွက် လုပ်ငန်းစဉ် သတ်မှတ်ရာ၌ ဤစာတမ်းကို အသုံးပြုနိုင်ပြီး အာရှ ပစိဖိတ်ဒေသနှင့်စပ်လျဉ်း၍ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ၂၀၂၃ ခုနှစ်တွင် ဦးစားပေးအဖြစ် ဆောင်ရွက်ရေး စိတ်အားထက်သန်စေလိမ့်မည်ဟု မျှော်လင့်ပါသည်။

# မာတိကာ


**ကျေးဇူးတင်လွှာ** ........ IV

**လိုရင်းအနှစ်ချုပ်** ........ ၃

၂၀၂၃ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသအတွင်း ဒီမိုကရေစီ အလားအလာ ခြောက်ရပ် ..... ၃

**အခန်း ၁**

**လူ့အခွင့်အရေးများ** ........ ၈

**အခန်း ၂**

**မဟာအင်အားကြီးနိုင်ငံအများအပြားရှိသော ကမ္ဘာကြီးတွင် ဒေသအဆင့်ပူးပေါင်းဆောင်ရွက်မှု** ........ ၁၁

**အခန်း ၃**

**ရာသီဥတုအပြောင်းအလဲကြောင့် ဒီမိုကရေစီ စိန်ခေါ်မှုအခက်အခဲများ** ........ ၁၄

**အခန်း ၄**

**ဒေသအတွင်း တရုတ်နိုင်ငံ၏ ဩဇာသက်ရောက်မှု ကြီးထွားလာခြင်း** ........ ၁၆

**အခန်း ၅**

**သတင်းအချက်အလက် အလွဲအမှားများ ဖြန့်ချိခြင်းနှင့် မီဒီယာ၏ ဖြောင့်မတ်မှန်ကန်မှု** ........ ၁၉

**အခန်း ၆**

**ရွေးကောက်ပွဲများမှ အာဏာရှင်စနစ်ပေါ်ထွက်လာခြင်းနှင့် နိုင်ငံရေးတွင် စစ်ဘက်မှလွှမ်းမိုးလာခြင်း** ........ ၂၂

**အခန်း ၇**

**နိုင်ငံရေးအတွက် ငွေကြေးထောက်ပံ့မှုနှင့် အဂတိ လိုက်စားမှု** ........ ၂၅

**နိဂုံး** ........ ၂၇

**ရည်ညွှန်းကိုးကားသော စာအုပ်စာတမ်းများ** ........ ၂၉

နောက်ဆက်တွဲ (က) တက်ရောက်သူများစာရင်း ........ ၃၃

မိတ်ဖက်များအကြောင်း ........ ၃၄

# လိုရင်းအနှစ်ချုပ်

## ၂၀၂၃ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသအတွင်း ဒီမိုကရေစီ အလားအလာ ခြောက်ရပ်

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်မှ ၆ ရက်တွင် International IDEA က အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ဒီမိုကရေစီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ ထိပ်တန်း ကျွမ်းကျင်သူ ၃၀ ဦးကိုစုစည်းလျက် ပထမအကြိမ် အာရှ-ပစိဖိတ်ဒေသ ဒီမိုကရေစီ အလားအလာ ဖိုရမ်ဆွေးနွေးပွဲ (Democracy in Asia and the Pacific Outlook Forum) ကို ကျင်းပပြုလုပ်ခဲ့ ပါသည်။ နိုင်ငံ ၁၂ နိုင်ငံမှ အဖွဲ့အစည်း ၂၃ ဖွဲ့ကို ကိုယ်စားပြုလျက် တက်ရောက်လာကြသူများ သည် အကြောင်းအရာအလိုက် ဆွေးနွေးပွဲ ၇ ချိန်အတွင်း အာရှ-ပစိဖိတ်ဒေသ ဒီမိုကရေစီဆိုင်ရာ အဓိက အလားအလာများကို ဆွေးနွေးခဲ့ကြပါသည်။ ယင်းဆွေးနွေးပွဲအချိန်များတွင် ဆွေးနွေးမည့် အကြောင်းအရာများကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများဆိုင်ရာ ကျွမ်းကျင်သူအချို့နှင့် တိုင်ပင် ဆွေးနွေးခြင်းများ၊ တွေ့ဆုံမေးမြန်းခြင်းများ ကြိုတင်ပြုလုပ်၍ သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ လူ့ အခွင့်အရေးများ၊ ဒေသအဆင့် ပူးပေါင်းဆောင်ရွက်ရေး၊ ရာသီဥတု အပြောင်းအလဲ၊ တရုတ်နိုင်ငံ၊ သတင်းအချက်အလက် အလွဲအမှားများဖြန့်ချိခြင်း (disinformation)၊ ရွေးကောက်ပွဲဖြင့် တက်လာ သော အာဏာရှင်စနစ်နှင့် စစ်ရေးလွှမ်းမိုးမှု (electoral authoritarianism and militarization)၊ နိုင်ငံရေးနှင့် ပတ်သက်သည့်ငွေကြေးကိစ္စ (political finance) ဟူသော အကြောင်းအရာများဖြင့် ဆွေးနွေးပွဲချိန်များပြုလုပ်ခဲ့ပြီး ဒေသတွင်းဒီမိုကရေစီ လက်ရှိအခြေအနေကိုသုံးသပ်လျက် လာမည့် နှစ်တွင် အဆုံးအဖြတ်ပေးနိုင်သည့် အကြောင်းအချက်များကို ကြိုတင်ခန့်မှန်းခဲ့ပါသည်။

ဤစာတမ်းမှာ ဖိုရမ်ဆွေးနွေးပွဲ တက်ရောက်သူများ၏ ဆွေးနွေးချက်များ၊ ကြောင်းကျိုး ဆက်စပ် ငြင်းချက်ထုတ်မှုများနှင့် အဆိုပြုချက်များကိုအကျဉ်းချုပ်၍ ပြုစုထားခြင်းဖြစ်ပါသည်။ ယင်းဆွေးနွေးချက်များနှင့် ထွက်ပေါ်လာသောကောက်ချက်များကို အနှစ်ချုပ်လျက် ကျစ်လစ်သော စာစောင်အဖြစ် လိုရင်းတိုရှင်း ပြုစုရန် ရည်ရွယ်ပါသည်။ စာသားမှာ ကျွမ်းကျင်သူများ၏ စုဝေး ဆွေးနွေးမှုများကို ထင်ဟပ်ပေါ်လွင်စေလျက် ၂၀၂၃ ခုနှစ် ဒီမိုကရေစီဆိုင်ရာ ဆက်လက်ဆွေးနွေး

ခြင်းနှင့် ကြိုတင်ခန့်မှန်းခြင်းများ ပြုလုပ်ရာတွင် အဓိကထားနိုင်မည့်အချက်များကို ဖော်ထုတ်ပြီး လမ်းညွှန်အဖြစ် အသုံးပြုနိုင်ရန်လည်းကောင်း၊ ဒေသတစ်ဝန်း အပေါင်းလက္ခဏာသဘောဆောင်သော အလားအလာများနှင့် အနုတ်လက္ခဏာ သဘောဆောင်သော အလားအလာများကို နားလည်နိုင်ရန်အတွက် ဘုံတူညီသောမူဘောင်တစ်ရပ် ရရှိရန်လည်းကောင်း ရည်မှန်းပါသည်။

တွေ့ဆုံမေးမြန်းခြင်းများနှင့် ဆွေးနွေးချက်များမှတစ်ဆင့် နယ်ပယ်အများနှင့် ဆက်စပ်သက်ဆိုင်သည့် အလားအလာခြောက်ရပ်ကို ဖော်ထုတ်ရရှိပါသည်။

### ၁။ သူဌေးဖြစ်လမ်းတစ်ခုအဖြစ် နိုင်ငံရေးလုပ်ခြင်းများ ဆက်လက်ရှိနေပြီး နိုင်ငံရေးနှင့် စစ်ဘက်အုပ်စိုးသူအလွှာများသည် ပြည်သူလူထု၏ အခွင့်အရေးများကို ဖိနှိပ်လျက် အာဏာကို ဆက်လက်ရယူထားပြီး ကိုယ်ကျိုးရှာရန် ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ ကိုဗစ်-၁၉ ၏ မပြီးပြတ်နိုင်သေးသော ထိခိုက်မှုများကြောင့်လည်း နိုင်ငံရေးနယ်ပယ်တွင် စစ်ဘက်မှလွှမ်းမိုးမှု ပိုမိုများပြားလာမည့် အခွင့်အလမ်းများ ပေါ်ပေါက်လျက်ရှိပါသည်။

အာဏာလက်ကိုင်ရှိလျှင် အရင်းအမြစ်များကို ရယူအသုံးပြုနိုင်ပြီး ကြွယ်ဝချမ်းသာလာနိုင်ပါသည်။ ခေနဥစ္စာနှင့် လုပ်ပိုင်ခွင့်အာဏာများ လူတစ်စုထံတွင်သာ စုဝေးထားရှိခြင်းက ဒေသအဆင့် နိုင်ငံရေးလုပ်ငန်းစဉ်များအပေါ် ထိခိုက်မှုများရှိပြီး လာမည့်နှစ်များတွင် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကိုနားလည်ရန် အခြေခံအကြောင်းအချက်အဖြစ် ဆက်လက်တည်ရှိနေပါမည်။ နိုင်ငံအများအပြားတွင် နိုင်ငံရေး၌ လက်နက်ကိုင်တပ်ဖွဲ့များက ဆက်လက်၍ဝင်ရောက်စွက်ဖက်လျက်ရှိခြင်းမှာလည်း တစ်စိတ်တစ်ဒေသအားဖြင့် ဤအကြောင်းအချက်များကပင် မောင်းနှင်နေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှာ ရှင်းလင်းသောဥပမာများဖြစ်ပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များသည် နိုင်ငံရေးကိုထိန်းချုပ်ခြင်း သို့မဟုတ် အနည်းဆုံးအားဖြင့် သိသာထင်ရှားစွာ ဩဇာသက်ရောက်ခြင်းဖြင့် နိုင်ငံတော်၏ အရင်းအမြစ်များကိုရယူခြင်း၊ အချို့နိုင်ငံများတွင် ခေါင်းဆောင်လုပ်သူများကိုယ်ကျိုးရှာ၍ စည်းစိမ်ဥစ္စာကြွယ်ဝလာခြင်းများ ဖြစ်ပွားပါသည်။ အကျိုးဆက်အနေဖြင့် နိုင်ငံရေး အုပ်စိုးသူအလွှာများက ငွေကြေးစည်းမျဉ်းများကို လိုရာဆွဲခြင်းနှင့် လက်တစ်လုံးခြားလုပ်ခြင်း၊ စီးပွားရေး ထိပ်သီးများက အလှူငွေထည့်ဝင်ပြီး ကန်ထရိုက်စာချုပ်များ ရယူလျက် နိုင်ငံရေးလုပ်ငန်းစဉ်အပေါ် ဩဇာသက်ရောက်ခြင်း၊ အကြီးစား အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်၏အရင်းအမြစ်များ ကုန်ဆုံး၍ ချွတ်ခြုံကျခြင်းများ ဖြစ်ပွားပါသည်။ အရင်းအမြစ်များကို တန်းတူညီမျှ ရယူအသုံးပြုနိုင်မှုမရှိသဖြင့် လူ့အခွင့်အရေး မလျော်မကန်ပြုမူမှုများဖြစ်ပွားပြီး နိုင်ငံရေးတွင် ဒီမိုကရေစီ ပိုမိုထွန်းကားရေးအတွက် အခြေခံကျသော အဟန့်အတားဖြစ်နေတတ်ပါသည်။

### ၂။ G20 (နိုင်ငံ ၂၀ အုပ်စု) နှင့် APEC အဖွဲ့ ဆွေးနွေးပွဲများမှ ရရှိသောသင်ခန်းစာများကို အသုံးပြုလျက် အာရှ-ပစိဖိတ်ဒေသတွင် နိုင်ငံအများပါဝင်ဆောင်ရွက်သည့်စနစ် (multilateralism) ပြန်လည်အားကောင်းစေရန် ဆောင်ရွက်နိုင်ပါသည်။

၂၀၂၂ ခုနှစ်တွင် အာရှ-ပစိတ်ဖိတ်ဒေသသည် နိုင်ငံတကာနယ်ပယ်တွင် မကြုံစဖူး မြင်သာထင်ရှားရှိခဲ့ပါသည်။ အထူးသဖြင့် ဖနွမ်းပင်တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း) ထိပ်သီးဆွေးနွေးပွဲ၊ ဘာလီတွင် ကျင်းပပြုလုပ်ခဲ့သည့် G20 (နိုင်ငံ ၂၀ အုပ်စု)

ဆွေးနွေးပွဲနှင့် ဘန်ကောက်တွင် ကျင်းပပြုလုပ်ခဲ့သည့် APEC (အာရှ-ပစိဖိတ် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့) အစည်းအဝေးတို့ဖြစ်ပြီး ယင်းအစည်းအဝေးများ အားလုံးကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ G20 ဆွေးနွေးပွဲကို အင်ဒိုနီးရှားနိုင်ငံက ကျွမ်းကျင်နိုင်နင်းစွာ စီစဉ်ပြုလုပ်နိုင်ခဲ့ပြီး ယူကရိန်းစစ်ပွဲဆိုင်ရာ ဘုံကြေညာချက်နှင့် လက်ဆုပ်လက်ကိုင်ပြသနိုင်သော ရလဒ်အချို့ထွက်ပေါ်ခဲ့ပါသည်။ ဥပမာ ရာသီဥတုဆိုင်ရာ ငွေကြေးစိုက်ထုတ်လုပ်ဆောင်ရေး သဘောတူညီချက်ရရှိခဲ့ပြီး ယခုအထိ ငွေကြေးပမာဏအများပြားဆုံး ဖြစ်ပါသည်။ ယင်းလမ်းကြောင်းမှပင် အင်ဒိုနီးရှားသည် အာဆီယံဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံဆိုင်ရာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး ကြိုးပမ်းအားထုတ်မှုများ မြှင့်တင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးသံတမန်ရုံးကို တည်ထောင်ခဲ့ပါသည် (Strangio 2023)။ အလားတူ သြစတြေးလျ၊ အိန္ဒိယ၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စု လေးနိုင်ငံပါဝင်လျက် အသစ်ဖွဲ့စည်းလိုက်သော အင်ဒို-ပစိဖိတ် လေးနိုင်ငံ ဆွေးနွေးပွဲအဖွဲ့ (Indo-Pacific Quadrilateral Dialogue) သည် သက်ရောက်မှုကြီးထွားလာပြီး အင်ဒို-ပစိဖိတ်ဒေသကို အရေးပါသော ပထဝီနိုင်ငံရေး နယ်ပယ်တစ်ရပ်အဖြစ် သတ်မှတ်နိုင်ရန် အထောက်အကူပြုပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံသည် G20 အဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အာရှ-ပစိဖိတ်ဒေသကို ဆက်လက်၍အာရုံစူးစိုက်လျက် ရှိပါသည်။ သို့သော် အာရှ-ပစိဖိတ်ဒေသတွင် အနှစ်သာရအားဖြင့် ဒီမိုကရေစီနည်းကျဖြစ်သည့် ဒေသအဆင့် ပူးပေါင်းဆောင်ရွက်ရေး အစီအမံမရှိပါ။ ယင်းသို့ မရှိခြင်းကြောင့်လည်း ဒီမိုကရေစီ ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီစံနှုန်းများ ပြန့်ပွားရေးကို အဟန့်အတားဖြစ်ပါသည်။ ဒီမိုကရေစီ စံချိန်စံနှုန်းများကို ထိန်းသိမ်းထားရှိပြီး အာဏာရှင်စနစ်ကျင့်သုံးသည့် အစိုးရများအပေါ် ဖိအားပေးနိုင်သည့် ဒေသအဆင့် အဖွဲ့အစည်းများရှိခြင်းဖြင့် အာရှ-ပစိဖိတ်ဒေသသည် များစွာအကျိုးဖြစ်ထွန်းနိုင်ပါသည်။ အခြားဒေသများရှိ ဥရောပကောင်စီ (Council of Europe) နှင့် အမေရိကတိုက်များ ဒီမိုကရေစီ ပဋိညာဉ် (Inter-American Democratic Charter) (OAS n.d.) တို့ကို ဥပမာအဖြစ် လေ့လာနိုင်ပါသည်။ လာမည့်နှစ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများ (ရက်စက်ကြမ်းကြုတ်မှုများ)နှင့် ဒီမိုကရေစီစံနှုန်း ချိုးဖောက်မှုများကို အာဆီယံနှင့် တောင်အာရှ ဒေသအဆင့် ပူးပေါင်းဆောင်ရွက်ရေး အသင်း (South Asian Association for Regional Cooperation) (SAARC) တို့အနေဖြင့် ပိုမိုကျယ်လောင်စွာ ဆန့်ကျင်ကန့်ကွက်ရန် ဖိအားများတိုးတက်များပြားလာသည်နှင့်အမျှ ယင်းသို့သော အစီအမံများမရှိခြင်းသည် ပိုမို၍သိသာထင်ရှားလာဖွယ်ရှိပါသည်။ ဥပမာ ၂၀၂၃ ခုနှစ်တွင် အာဆီယံသည် မြန်မာစစ်အာဏာရှင်အုပ်စု၏ ရွေးကောက်ပွဲပြုလုပ်လာသည့် စိန်ခေါ်မှုအခက်အခဲကို ရင်ဆိုင်ရမည်ဖြစ်ပြီး ဒီမိုကရေစီနည်းကျ အဖြေတစ်ခု အခိုင်အမာပေးနိုင်ရန် လိုအပ်သည့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုအဆင့် အာဆီယံတွင် မရှိပါ။

### ၃။ သတင်းအချက်အလက် အလွဲအမှားများကို လက်နက်အဖြစ် အသုံးပြုခြင်းနှင့် ဒစ်ဂျစ်တယ် ဖိနှိပ်မှုကြောင့် ဒီမိုကရေစီနိုင်ငံရေးကိုဆက်လက်၍ ထိခိုက်လျက်ရှိကာ အာဏာရှင်အစိုးရများ ဆက်လက်၍တည်မြဲလျက် ဒီမိုကရေစီနိုင်ငံများတွင် သတင်းအချက်အလက် ပတ်ဝန်းကျင် ညစ်ညမ်းမှု ဖြစ်ပွားစေပါသည်။

အာရှ-ပစိဖိတ်ဒေသတွင် ဒစ်ဂျစ်တယ်ဖိနှိပ်မှုတိုးမြင့်လာပြီး သတင်းအချက်အလက် အလွဲအမှားများကို အသုံးပြုမှုကြောင့် ဒီမိုကရေစီအတွက် စိန်ခေါ်မှုအခက်အခဲများ ပိုမိုများပြားလျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် ဖိလစ်ပိုင် ရွေးကောက်ပွဲများမှာ ထင်ရှားသော သာဓကတစ်ရပ်ဖြစ်ပါသည်။

ပြည်သူလူထုသည် သိရှိနားလည်မှုအပေါ်အခြေခံလျက် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အားကိုးအားထားပြုရသော သတင်းအချက်အလက်ပတ်ဝန်းကျင်မှာ လှည့်ဖျားသော လိုရာဆွဲပြောဆိုမှု (narrative) များနှင့် သိစေလိုရင်းအချက် (message) များပြန့်နှံ့ပြီး အချက်အလက် ညစ်ညမ်းမှုအနှံ့အပြားဖြစ်ခဲ့ပါသည်။ မီဒီယာ ခေါ် လူထုဆက်သွယ်ရေးလုပ်ငန်းများနှင့် စာနယ်ဇင်းမှ ပုဂ္ဂိုလ်များကို ဖိနှိပ်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ခွင့်ကို တိုက်ခိုက်ခြင်းတို့သည် နိုင်ငံအများအပြားတွင် အရှိန်အဟုန်ဖြင့် ဆက်လက်ဖြစ်ပွားဖွယ်ရာ ရှိပါသည်။ လုံခြုံရေး၊ အချက်အလက်များ၊ သတင်းတု သို့မဟုတ် ကိုယ်ရေးလုံခြုံမှု ဥပဒေများနှင့် စပ်လျဉ်းသည့် အလွန်ပြင်းထန်သော ဥပဒေများ ပြဋ္ဌာန်းလာနိုင်ပါသည်။ (သို့မဟုတ် ရှိရင်းဥပဒေများကို အလွဲသုံးခြင်းလည်း ဖြစ်ပွားနိုင်ပါသည်။) သို့မဟုတ် အများပြည်သူပါဝင်ဆောင်ရွက်မှုကို ထိခိုက်စေသည့် မဟာဗျူဟာမြောက် တရားစွဲဆိုမှု (strategic lawsuits against public participation) (SLAAPs) များလည်း ဖြစ်ပွားနိုင်ပါသည်။

### ၄။ လူ့အခွင့်အရေးများကို ဖိနှိပ်သည့် လစ်ဘရယ်ဆန့်ကျင်ရေး အင်အားစုများသည် တရားဥပဒေစိုးမိုးရေး (rule of law) မဟုတ်ဘဲ အလိုရှိသလို ဥပဒေပြဋ္ဌာန်းအုပ်ချုပ်ခြင်း (rule by law) ကို လက်သုံးကိရိယာအဖြစ် ဆက်လက်အသုံးပြုလျက်ရှိပါသည်။

ဒေသတွင်းနိုင်ငံအများအပြားတွင် ကျင့်သုံးလျက်ရှိသော စနစ်မှာ တရားဥပဒေစိုးမိုးရေး (rule of law) မဟုတ်ဘဲ အလိုရှိသလို ဥပဒေပြဋ္ဌာန်းအုပ်ချုပ်ခြင်း (rule by law) သာလျှင် ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် ဘုရင်နှင့် ဆွေတော်မျိုးတော်များကို မထိပါးရေး (lèse-majesté) ဥပဒေများ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်တွင် ဘာသာတရားကို မထိပါးရေး (blasphemy) ဥပဒေများကဲ့သို့သော အလွန်ပြင်းထန်သောဥပဒေများကို အတိအကျကျင့်သုံးခြင်းမှ အစပြု၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မှုဘောင်များကို အသုံးပြုလျက် အတိုက်အခံခေါင်းဆောင်များကို တရားစွဲဆိုခြင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို နှိမ်နင်းခြင်းအထိ အမျိုးမျိုး ရှိပါသည်။ ဘင်္ဂလားဒေ့ရှ်၏ ဒစ်ဂျစ်တယ်လုံခြုံရေးအက်ဥပဒေ (Digital Security Act)၊ ကဇတ်စတန်၏ မှားယွင်းသော သတင်းအချက်အလက်ဥပဒေကြမ်း (False Information Bill) နှင့် စင်္ကာပူ၏ အင်တာနက်ပေါ်တွင် အမှားအယွင်းများ လွှင့်တင်ခြင်းနှင့် ကြိုးဆွဲခြင်းမှ အကာအကွယ်ပေးရေး အက်ဥပဒေ (Protection from Online Falsehoods and Manipulation Act) ကဲ့သို့သော နိုင်ငံသားတစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ အင်တာနက်ပေါ်တွင်လုပ်ဆောင်မှုများကို ကန့်သတ်ဖြတ်တောက်သော အတိအလင်းဖိနှိပ်သည့်ဥပဒေများ ပြန့်နှံ့လာခြင်း စသည်တို့ကိုကြည့်ခြင်းဖြင့် ဤအလားအလာသည် ၂၀၂၃ ခုနှစ်တွင် ပိုမို၍ထုထည်ကြီးမားလာရန် ရှိပါသည်။

### ၅။ အာရှ-ပစိဖိတ်ဒေသတွင် လစ်ဘရယ်ဆန့်ကျင်ရေး (illiberal)၊ အမျိုးသားရေးဝါဒီ (nationalistic) နှင့် ဌာနေဇာတိဖွားဝါဒီ (nativist) မူဝါဒများဆက်လက်၍ ပြန့်နှံ့လျက်ရှိပြီး ဘာသာကြီးဝါဒ သို့မဟုတ် လူမျိုးကြီးဝါဒက မကြာခဏ သွေးထိုးပေးလျက်ရှိပါသည်။

အာရှနှင့် ပစိဖိတ်ဒေသတစ်ဝန်းတွင် ပါတီစနစ်များသည် တစ်ယူသန်ပြီး သဘောထားသေးသိမ်သော အပြောအဆို၊ အရေးအသားတွေကိုစွဲကိုင်ထားလျက် အာဏာရယူရန် လုပ်ဆောင်ကြသော လူမျိုးစုအမျိုးသားရေးဝါဒီ အင်အားစုများ၏ ဆထက်ထမ်းပိုး ကြီးစိုးလွှမ်းမိုးမှုကိုခံရပါသည်။ ဌာနေဇာတိဖွားဝါဒီနှင့် အမျိုးသားရေးဝါဒီ နိုင်ငံရေးကြောင့် နိုင်ငံသားသန်းပေါင်းများစွာ ဒီမိုကရေစီအခွင့်အရေးများဆုံးရှုံးရပြီး ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်အထိ အန္တရာယ်ဖြစ်ကာ ဒီမိုကရေစီ

နိုင်ငံရေး၏ အရေးပါဆုံး မူတစ်ရပ်ဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး၊ တန်းတူညီမျှမှုကို မေးခွန်းထုတ်စရာ ဖြစ်လာပါသည် (International IDEA 2022)။ အမျိုးသားရေး သို့မဟုတ် လူများစုအကျိုးစီးပွားကို ဗန်းပြလျက် အဂတိလိုက်စားမှုများကို ရုပ်ဖျက်လုပ်ဆောင်သည့် အလေ့အကျင့်များ ထွန်းကားစေမည့် အမြန်လမ်းကြောင်းလည်း ဖြစ်ပါသည်။ ဤအလားအလာမှာ အာရှတိုက်အလယ်ပိုင်းတွင် အမျိုးသားရေးဝါဒက မောင်းနှင်ပေးသည့် စစ်ရေးထိပ်တိုက်တွေ့မှုများမှ အစပြု၍ အင်ဒိုနီးရှားနှင့် မလေးရှားတွင် နိုင်ငံရေးကို အစ္စလာမ်ဘာသာ သွတ်သွင်းမှု၊ မြန်မာနှင့် အိန္ဒိယတွင် မူဆလင် လူနည်းစုများကို တိုက်ခိုက်မှုများအထိ ပုံစံအမျိုးမျိုးရှိပါသည်။ တရုတ်နိုင်ငံကဲ့သို့သော အာဏာရှင်နိုင်ငံများတွင်ပင် နိုင်ငံခြားရေးမူဝါဒကို အများကြိုက် အမျိုးသားရေးဝါဒီဖိအားပေးမှုများက တစ်စိတ်တစ်ဒေသ မောင်းနှင်လျက်ရှိပါသည်။ လာမည့်နှစ်များတွင် အာရှနှင့် ပစိဖိတ်ဒေသတွင် နိုင်ငံရေးကိုအများပါဝင်သော နိုင်ငံရေးအင်အားစုများနှင့် တိုင်းရင်းသား အမျိုးသားရေးဝါဒီ အင်အားစုများအကြား ထိပ်တိုက်တွေ့မှုများ နှင့်/သို့မဟုတ် နိုင်ငံရေးမှိုင်းမိနေသည့် တိုင်းရင်းသား သို့မဟုတ် ဘာသာရေးအုပ်စုများအကြား ထိပ်တိုက်တွေ့မှုများက အဓိက ပုံဖော်သွားနိုင်ပါသည်။

ဌာနေဇာတိဖွားဝါဒီနှင့် အမျိုးသားရေးဝါဒီ နိုင်ငံရေးကြောင့် နိုင်ငံသား သန်းပေါင်းများစွာ ဒီမိုကရေစီ အခွင့်အရေးများ ဆုံးရှုံးရပြီး ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်အထိ အန္တရာယ် ဖြစ်ပါသည်။

## ၆။ နိုင်ငံရေးတွင် လူငယ်များ ပါဝင်လာကြခြင်းသည် အာရှနှင့် ပစိဖိတ်ဒေသတွင် ဒီမိုကရေစီကို ကာကွယ်ရန်နှင့် တိုးတက်တည်ဆောက်ရန် မျှော်လင့်ချက်လမ်းစသဖွယ် ဖြစ်ပါသည်။

လူငယ်များသည် အာရှနှင့် ပစိဖိတ်ဒေသတွင် ဒီမိုကရေစီ အလားအလာမှာ အနုတ်လက္ခဏာသဘော ဆောင်နေခြင်းကို ပြောင်းလဲပေးနိုင်သည့် အင်အားကောင်းသော ထိန်းညှိအင်အားစုဖြစ်လာပါသည်။ ဥပမာ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတွင် လူငယ်များ၏ မောင်းနှင်မှုဖြင့် တက်ကြွလှုပ်ရှားမှုများရှိပြီး အာရှတိုက် အလယ်ပိုင်းနှင့် ပါကစ္စတန်တွင် ရာသီဥတု အပြောင်းအလဲကို ဆန့်ကျင်တိုက်ပွဲဝင်ရာ၌ လူငယ်များကဦးဆောင်ဦးရွက်ပြုသည်ကို တွေ့ရပါသည်။ မလေးရှား၊ နီပေါနှင့် ဖိလစ်ပိုင်တို့တွင် လူငယ်အချို့သည် ရွေးကောက်ခံရာထူးတာဝန်များအတွက် ယှဉ်ပြိုင်အရွေးခံကြပြီး ၎င်းတို့မျိုးဆက်၏ အရေးပါမှုနှင့် နိုင်ငံရေးဩဇာသက်ရောက်မှု သာဓကေဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်တွင် လူငယ်များသည် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်နှင့် ထိုင်းနိုင်ငံ ရွေးကောက်ပွဲများတွင် များစွာဩဇာသက်ရောက်မှု ရှိပါမည်။ သတင်းအချက်အလက် အလွဲများနှင့် တိုင်းရင်းသားအမျိုးသားရေးဝါဒီတို့ကို ဆန့်ကျင်သည့် အဓိကခံကတုတ်များအဖြစ် ဆထက်ထမ်းပိုး ဆောင်ရွက်လျက်ရှိပါသည်။

လူငယ်များသည် အာရှနှင့် ပစိဖိတ်ဒေသတွင် ဒီမိုကရေစီ အလားအလာမှာ အနုတ်လက္ခဏာသဘော ဆောင်နေခြင်းကို ပြောင်းလဲပေးနိုင်သည့် အင်အားကောင်းသော ထိန်းညှိအင်အားစုဖြစ်လာပါသည်။

အခန်း (၁)

# လူ့အခွင့်အရေးများ

အခွင့်အရေးသမား နိုင်ငံရေးသမား များသည် လူမှုစီးပွား ပြဿနာ များကြောင့် မဲဆန္ဒရှင်များ မကျေမနပ် ဖြစ်မှုကို အခွင့်ကောင်းယူလျက် လုပ်ပိုင်ခွင့်အာဏာကို ဗဟိုချုပ်ကိုင်ပြီး အစိုးရနှင့် အစိုးရ မဟုတ်သော စောင့်ကြည့်ရေးအဖွဲ့အစည်း (watchdog) များကို ဖိအားပေး နိုင်ခဲ့ပါသည်။

အာရှနှင့် ပစိဖိတ်ဒေသတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျယ်ပြန့်စွာ ကြီးမားသော အတိုင်းအတာဖြင့် ဖြစ်ပွားသည့်အပြင် နယ်မြေဒေသအများတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်များ ရှိပါသည်။ တရားမျှတမှု လက်လှမ်းမမီခြင်း (lack of access to justice)၊ ကြီးကြပ်သော အစီအမံများ မရှိခြင်းတို့သည် ဒီမိုကရေစီနည်းမကျသော အစိုးရများလက်အောက်တွင် ဖြစ်ရိုးဖြစ်စဉ် ထုံးစံပင် ဖြစ်ပါသည်။ ဒေသတွင်း ဒီမိုကရေစီနိုင်ငံများသည်ပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို တင်းကြပ်စွာ ကြီးကြပ်နိုင်ရန် ရုန်းကန်ကြရပါသည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ပါပူအာနယူးဂီနီ ကဲ့သို့သောနိုင်ငံများရှိ ကျေးလက်နှင့် သစ်တောဖုံးလွှမ်းသော နယ်မြေဒေသများမှာ ပထဝီအနေအထားအရ ဝေးလံသီခေါင်ပြီး နယ်မြေခံစီးပွားရေးများမှာ သဘာဝသယံဇာတထုတ်ယူသည့် လုပ်ငန်းစုများအပေါ် မှီခိုနေရခြင်းကြောင့် အခွင့်အရေးများနှင့် သဘာဝပတ်ဝန်းကျင် ကိစ္စရပ်များဆိုင်ရာ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် တက်ကြွလှုပ်ရှားသူများအတွက် အန္တရာယ်ရှိသော အခြေအနေဖြစ်ပါသည်။ ထို့ထက် ပိုမိုကျယ်ပြန့်စွာကြည့်လျှင် အခွင့်အရေးသမား နိုင်ငံရေးသမားများသည် လူမှုစီးပွားပြဿနာများ (ဥပမာ ရာဇဝတ်ပြစ်မှုထူပြောခြင်း သို့မဟုတ် နိုင်ငံတွင်းသို့ ပြောင်းရွှေ့ဝင်ရောက်လာကြခြင်း) ကြောင့် မဲဆန္ဒရှင်များ မကျေမနပ်ဖြစ်မှုကို အခွင့်ကောင်းယူလျက် လုပ်ပိုင်ခွင့်အာဏာကိုဗဟိုချုပ်ကိုင်ပြီး အစိုးရနှင့် အစိုးရမဟုတ်သော စောင့်ကြည့်ရေးအဖွဲ့အစည်း (watchdog) များကို ဖိအားပေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ ပြစ်ဒဏ်ကင်းလွတ်ခွင့်ကိုတိုက်ဖျက်ရန် ဖွဲ့စည်းတည်ထောင်ထားသော သီးခြားလွတ်လပ်သည့် ကြီးကြပ်ရေးအဖွဲ့အစည်းစနစ် အများအပြားသည် မကြာခဏ မိမိတို့၏လုပ်ငန်းတာဝန် အခန်းကဏ္ဍကို ပြည့်မီအောင်မဆောင်ရွက်နိုင်ခြင်း သို့မဟုတ် မဆောင်ရွက်လိုခြင်းများဖြစ်တတ်ပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တာဝန်ယူ တာဝန်ခံရေးအစီအမံများအဖြစ် ပါဝင်ဆောင်ရွက်ပေးနိုင်သော်လည်း ၎င်းတို့၏ လုပ်ပိုင်ခွင့်မှာ အကန့်အသတ်ရှိသဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု အလုံအလောက်ရှိမှသာ အာဏာရအုပ်စိုးသူအလွှာများနှင့် ထပ်ခါတလဲလဲ ပြစ်မှုကျူးလွန်သူများအပေါ် ထိရောက်စွာဖိအားပေးနိုင်ပါမည်။

အနာဂတ်သို့မျှော်တွေးလျှင် လူ့အခွင့်အရေးချိုးဖောက်မှုများသည် နိုင်ငံရေးအမြတ်ထုတ်လိုမှုအတွက် အမျိုးသားရေးဝါဒီ၊ ဘာသာရေး၊ တိုင်းရင်းသား သို့မဟုတ် ယဉ်ကျေးမှုမတူသူများအကြားတင်းမာမှုများကို မီးထိုးပေးမှုများ တိုးပွားများပြားလာခြင်းနှင့် ဆထက်ထမ်းပိုး ချိတ်ဆက်မှုရှိလာပါသည်။ ဤအခြေအနေတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ခွင့်ပြုနိုင်သော နည်းလမ်းတစ်ရပ်အဖြစ်သာမက စိတ်ကူးထဲရှိ နိုင်ငံ၏ 'စစ်မှန်သော' ဝိသေသခံယူချက် (identity) ကို အပြည့်အဝ ထုတ်ဖော်နိုင်ရေးဟူသော ပိုမိုကြီးမားသည့် နိုင်ငံရေးလုပ်ငန်းစဉ်ကြီးအတွင်း လိုလားအပ်သော ရလဒ်တစ်ခုအဖြစ် ပုံဖော်လာကြပါသည်။

အာရှနှင့် ပစိဖိတ်ဒေသတွင် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ သဘောသဘာဝအားဖြင့် အမျိုးမျိုးရှိသော်လည်း လာမည့်နှစ်များအတွင်း ကြုံတွေ့ရမည့် အဓိကပြဿနာများမှာ အောက်ပါတို့ကို ဗဟိုပြုမည် ဖြစ်ပါသည်။

- အလွန်ပြင်းထန်သောတည်ဆဲဥပဒေများနှင့် အင်တာနက်ပေါ်တွင် လှုပ်ရှားဆောင်ရွက်မှုများကို အတိအလင်းဦးတည်ရည်ရွယ်သော ဥပဒေသစ်အမျိုးအစားများ အသုံးပြုလျက် *လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် (freedom of expression)* ကျင့်သုံးခြင်းကို ရာဇဝတ်ပြစ်မှုအဖြစ်သတ်မှတ်ပြီး တရားစွဲဆိုခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ဤအလားအလာအတိုင်း ဆက်လက်ဖြစ်ပွားဖွယ်ရာရှိပြီး အသရေဖျက်မှုဥပဒေများ စသည်တို့ကို ဗဟိုပြုလျက် သီးခြားလွတ်လပ်သောမီဒီယာကို လူသိရှင်ကြားတိုက်ခိုက်ခြင်း၊ အင်တာနက်ပေါ်တွင် အစိုးရနှင့် သဘောကွဲလွဲမှု (online dissent) ကို တိုက်ခိုက်ခြင်းအပါအဝင် 'ဥပဒေတိုက်ပွဲ' ('lawfare') (Robertson 2023) ဆင်နွှဲလာဖွယ်ရာရှိပါသည်။
- *လွတ်လပ်စွာသင်းဖွဲ့ခွင့် (freedom of association)* နှင့် *လွတ်လပ်စွာစုရုံးခွင့် (freedom of assembly)* တို့မှာ တိုက်ခိုက်ခြင်းခံနေရပါသည်။ အစိုးရများက အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ရန်ပုံငွေကန့်သတ်ခြင်းနှင့် ရည်ရွယ်ချက်ရှိစွာ ရှုပ်ထွေးလွန်းသော သို့မဟုတ် လိုက်နာလုပ်ဆောင်ရန်မဖြစ်နိုင်သော စည်းမျဉ်းများချမှတ်ခြင်း နည်းလမ်းများဖြင့် ထိန်းကွပ်ကန့်သတ်ရန် ဆောင်ရွက်လာကြပါသည်။
- ဒေသတစ်ဝန်း တိုင်းရင်းသား၊ ဘာသာရေးနှင့် ယဉ်ကျေးမှုမတူသူများအကြား တင်းမာမှုအသီးသီးကို နိုင်ငံရေးအတွက် အမြတ်ထုတ်အသုံးချမှုများရှိနေပြီး *လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် (freedom of religion)* မှာ အန္တရာယ်ကြုံတွေ့နေရပါသည်။ အချို့နိုင်ငံများတွင် အမျိုးသားရေးဝါဒီ၊ ဝိသေသခံယူမှု (identity) ဖြင့် မောင်းနှင်သော နိုင်ငံရေးနှင့် ဥပဒေတွင် ဘာသာရေးမစွက်ဖက်ရေးကို ပယ်ဖျက်ရေးလုပ်ဆောင်လာကြကြောင်း တွေ့မြင်ရပါသည် (Riaz and Parvez n.d.)။ အခြားနိုင်ငံများတွင် ဘာသာရေးလူနည်းစုများကို ပစ်မှတ်ထားလျက် စနစ်တစ်ခုလုံးအတွင်းနှင့် နေရာကွက်ကျား အကြမ်းဖက်မှုတိုးပွားလာသည်ကိုတွေ့ရပါသည်။ ဒေသအတွင်း တိုင်းရင်းသားအမျိုးသားရေးဝါဒ ခေါင်းထောင်လာသည့် တစ်ချိန်တည်းမှာပင် LGBTQIA+ (အမျိုးသမီးလိင်တူစုံမက်သူ၊ အမျိုးသားလိင်တူစုံမက်သူ၊ လိင်နှစ်မျိုးစုံမက်သူ၊ လိင်ပြောင်း၊ လိင်မခံယူသူ၊ ဒွိလိင်နှင့် လိင်မစုံမက်သူ အစရှိသည့်) အခွင့်အရေးများကို ဖိနှိပ်မှုများ ပြန့်ပွားလာပါသည်။

- ရွှေ့ပြောင်းသွားလာနေထိုင်သူများသည် ဥပဒေအရ တစ်ပန်းရှုံးပြီး သမိုင်းတစ်လျှောက် ၎င်းတို့အပေါ် မကောင်းသောအယူအစွဲများ အနှံ့အပြားရှိခြင်းကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သူ အခွင့်အရေးများမှာ အထူးသဖြင့် အန္တရာယ်ကြုံတွေ့ရနိုင်ပါသည်။ ယင်းတို့အနက် စကော်ပူရှိ နိုင်ငံခြားသားအလုပ်သမားများ၊ ပင်လယ်ကွေ့ဒေသတွင် အလုပ်လုပ်နေသော တောင်အာရှသားများ၊ ဒေသတစ်ဝန်းနိုင်ငံအသီးသီးတွင် ရာသီအလိုက် ရွှေ့ပြောင်းသွားလာနေထိုင်သူများ စသည်တို့ ပါဝင်ပါသည်။ ရာသီဥတုနှင့်ဆက်စပ်၍ ရွှေ့ပြောင်းသွားလာနေထိုင်သူများ စီးဆင်းမှုအပြောင်းအလဲများကြောင့် လက်ရှိအန္တရာယ်ကြုံတွေ့ရနိုင်မှုများ ပိုမိုဆိုးဝါးလာဖွယ်ရာ ရှိပါသည်။

**အာရှနှင့် ပစိဖိတ်ဒေသတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် လုပ်ငန်းများအောင်မြင်မှုအများဆုံးဖြစ်စေရန် ရှိရင်းကုစားမှု အစီအမံများကို အသုံးပြုခြင်းအပြင် ကျယ်ပြန့်သော နိုင်ငံဖြတ်ကျော် ညွန့်ပေါင်းအဖွဲ့ များ ဖွဲ့စည်းခြင်းဖြင့် ခေတ်မမီတော့ဘဲ လုပ်ပိုင်ခွင့်ကင်းမဲ့နေတတ်သော အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းစနစ်များကို အားဖြည့်ခြင်း၊ ပြန်လည်အသက်ဝင်စေခြင်းများ ဆောင်ရွက်နိုင်ပါသည်။**

အာရှနှင့် ပစိဖိတ်ဒေသတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် လုပ်ငန်းများ အောင်မြင်မှုအများဆုံးဖြစ်စေရန် ရှိရင်းကုစားမှုအစီအမံများကို အသုံးပြုခြင်းအပြင် ကျယ်ပြန့်သော နိုင်ငံဖြတ်ကျော် ညွန့်ပေါင်းအဖွဲ့များ ဖွဲ့စည်းခြင်းဖြင့် ခေတ်မမီတော့ဘဲ လုပ်ပိုင်ခွင့်ကင်းမဲ့နေတတ်သော အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းစနစ်များကို အားဖြည့်ခြင်း၊ ပြန်လည် အသက်ဝင်စေခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ယင်း ကျယ်ပြန့်သော ညွန့်ပေါင်းအဖွဲ့များသည် နိုင်ငံတကာတွင် အမည်ဖော်ထုတ်၍ အရှက်ရစေသည့် လှုပ်ရှားမှုများပြုလုပ်ခြင်း၊ အစိုးရများကို ဖိအားပေးနိုင်သည့် ကုန်သွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များချမှတ်ခြင်း (ဥပမာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (International Covenant on Civil and Political Rights) သို့မဟုတ် ဥရောပဘဏ်လုပ်ငန်းအာဏာပိုင်အဖွဲ့ လုပ်ငန်းများ (European Banking Authority initiatives) ) မှ အစပြု၍ နိုင်ငံတကာရှိ သဘောထားတူညီသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများထံမှ ထောက်ခံပံ့ပိုးမှုရယူခြင်းအထိ ၎င်းတို့လက်လှမ်းမီသော နည်းလမ်းအားလုံးကို အသုံးပြုရန် လိုအပ်ပါသည်။

အခန်း (၂)

# မဟာအင်အားကြီးနိုင်ငံအများအပြားရှိ ကမ္ဘာကြီးတွင် ဒေသအဆင့် ပူးပေါင်းဆောင်ရွက်မှု

အာရှ-ပစိဖိတ်ဒေသတွင် ဒေသအဆင့်လုပ်ငန်းဆောင်ရွက်ရေးမှာ နိုင်ငံအများပါဝင်သော အဖွဲ့အစည်းများအပေါ် ယုံကြည်အားကိုးမှု ယိုယွင်းလာခြင်း၊ ကမ္ဘာတစ်ဝန်းခေါင်းဆောင်မှုမှာ နှစ်ပေါင်းများစွာရှုပ်ထွေးပြီး ရှေ့နောက်မညီခြင်းတို့နှင့် ရင်ဆိုင်နေရပါသည် (Freeman 2021)။ ၂၀၂၂ ခုနှစ်တွင် ဒေသအတွင်းနိုင်ငံအများအကြား ဆွေးနွေးမှုများပြန်လည်ပေါ်ပေါက်လာပြီး နှစ်ကုန်ပိုင်းတွင် အာဆီယံ၊ APEC နှင့် G20 (နိုင်ငံ ၂၀ အုပ်စု) အစည်းအဝေးများ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ အာရှနိုင်ငံများ အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံတကာစင်မြင့်ထက်တွင် နေရာယူနိုင်ပြီး ပထဝီနိုင်ငံရေးပြိုင်ဆိုင်မှုကို ဒေသအဆင့်တွင် ကျွမ်းကျင်လိမ္မာစွာ သိမ်သိမ်မွေ့မွေ့ ဟန်ချက်ညီကိုင်တွယ်နိုင်ခဲ့ပါသည်။ အင်ဒိုနီးရှားက အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်လျက် G20 ကိုယ်စားလှယ်များသည် ယူကရိန်းကို ရုရှားက ကျူးကျော်ခြင်းအား ‘လုံးဝလက်မခံနိုင်ကြောင်း’ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းမှာ ၂၀၂၃ ခုနှစ်တွင် စစ်မက်ဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ ကမ္ဘာတစ်ဝန်းသဘောထား ပြောင်းလဲမှုဖြစ်နိုင်ကြောင်းဖော်ပြသည့် အရိပ်နိမိတ်ဖြစ်နိုင်ပါသည်။ ကမ္ဘာတစ်ဝန်း စီးပွားရေးအင်အား၊ နိုင်ငံရေးအင်အားတို့နှင့် ပတ်သက်လာလျှင် G20 သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီပြီးလျှင် အရေးပါဆုံး နိုင်ငံအများပါဝင်သည့် ဖိုရမ်ဆွေးနွေးပွဲအဖွဲ့ဖြစ်ကြောင်း သတိပြုသင့်ပါသည်။ ၂၀၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ နိုင်ငံတကာ အနေအထားကို ထပ်မံမြှင့်တင်ရန် အခွင့်အလမ်းရရှိပါမည်။ ထို့အပြင် G20 ထိပ်သီးဆွေးနွေးပွဲ၌ အဓိကကြေညာချက်တစ်ရပ်မှာ ‘တရားမျှတသော စွမ်းအင်အကူးအပြောင်း မိတ်ဖက်လုပ်ငန်း’ (‘Just Energy Transition Partnership’) အသစ်တစ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ပြီး (The White House 2022) အင်ဒိုနီးရှား၊ ချမ်းသာကြွယ်ဝသော နိုင်ငံများအုပ်စုနှင့် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းဆောင်ရွက်သူများ ပါဝင်ပါမည်။ အင်ဒိုနီးရှား၏ အစိမ်းရောင်အကူးအပြောင်း (green transition) အတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ အသုံးပြုမည့် ငွေကြေးအစီအစဉ်များမှာ သမိုင်းတစ်လျှောက် ပမာဏအကြီးမားဆုံး ရာသီဥတုဆိုင်ရာ ငွေကြေးအသုံးပြုမှု သဘောတူညီချက်တစ်ရပ် ဖြစ်ဖွယ်ရာ ရှိပါသည်။

**အာရှနိုင်ငံများ အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံတကာ စင်မြင့်ထက်တွင် နေရာယူနိုင်ပြီး ပထဝီနိုင်ငံရေး ပြိုင်ဆိုင်မှုကို ဒေသအဆင့်တွင် ကျွမ်းကျင်လိမ္မာစွာ သိမ်သိမ်မွေ့မွေ့ ဟန်ချက်ညီ ကိုင်တွယ်နိုင်ခဲ့ပါသည်။**

၂၀၂၃ ခုနှစ်တွင် အင်အားကြီးနိုင်ငံများအကြား ပထဝီမဟာဗျူဟာ ပြိုင်ဆိုင်မှုတိုးမြင့်လာဖွယ်ရာရှိပါသည်။ သို့သော် နေရာဒေသအားလုံးတွင် ညီတူညီမျှတိုးမြင့်ခြင်းမဟုတ်ဘဲ ဒေသခွဲ တစ်ခု

နှင့်တစ်ခုအကြား အန္တရာယ်ကျရောက်လွယ်မှု အနည်းအများကွာခြားပါမည်။ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းနိုင်ငံများ (Pacific Island Countries) (PICs) သည် ရာသီဥတုအပြောင်းအလဲအပြင် ဩစတြေးလျ၊ တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ပထဝီနိုင်ငံရေး ပြိုင်ဆိုင်မှုများပြားလာသည့်အတွက် နှစ်ထပ်ကွမ်း စိန်ခေါ်မှုအခက်အခဲနှင့် ကြုံတွေ့ရပါသည်။ သို့ပင်ဖြစ်သော်လည်း ပစိဖိတ်ဒေသစနစ်ဖွဲ့စည်းပုံမှာ သေးငယ်သော PIC နိုင်ငံများစုပေါင်း၍ ဒေသအဆင့် ဝိသေသခံယူချက် တည်ထောင်ထားရှိလျက် အဓိကကိစ္စရပ်များတွင် ဘုံရပ်တည်ချက် စွဲကိုင်ထားရှိနိုင်သည့်လမ်းကြောင်းများ သမိုင်းတစ်လျှောက် ရှိပါသည် (Pryke 2021)။ သို့သော် မျက်မှောက်ခေတ် ပထဝီနိုင်ငံရေးပြိုင်ဆိုင်မှုကြောင့် ယင်းစနစ်ဖွဲ့စည်းပုံမှာ များစွာဖိစီးမှုများ ကြုံတွေ့ရလျက်ရှိပါသည် (Zhang and Diamana 2021)။ ဥပမာ မလေးရှား၊ ဖိလစ်ပိုင်နှင့် အရှေ့တီမောတို့သည် အရှေ့တောင်အာရှတွင် အကျိုးသက်ဆိုင်ပါဝင်သူအများအတွက် ဖိုရမ်ဆွေးနွေးပွဲအဖွဲ့များကို တည်ထောင်ထားရှိကြပြီး အစိုးရများ အတူတကွစုဝေးလျက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက် (Sustainable Development Goal) (SDG) များကို အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဒေသခွဲအဆင့် ရှုမြင်ပုံများနှင့် အစီအစဉ်များကို မျှဝေကြပါသည်။

ဒီမိုကရေစီ အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်) များကို အားကောင်းစေရန်နှင့် ကာကွယ်ရန် ဖိအားပေးရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည့် နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ သို့မဟုတ် ကွန်ရက် ပိုမိုအားကောင်းစေနိုင်သည့် နယ်ပယ်ရှိနေပါသည်။

သို့ရာတွင် ဒေသအတွင်း စုစည်းညီညွတ်သော အုပ်ချုပ်မှု စုဖွဲ့ပုံများမရှိခြင်းသည် အထူးသဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှတွင် ဒီမိုကရေစီဖွံ့ဖြိုးမှုအတွက် ခြိမ်းခြောက်အန္တရာယ်ဖြစ်ပါသည်။ ဒီမိုကရေစီ အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်) များကို အားကောင်းစေရန်နှင့် ကာကွယ်ရန် ဖိအားပေးရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည့် နိုင်ငံများပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ သို့မဟုတ် ကွန်ရက် ပိုမိုအားကောင်းစေနိုင်သည့် နယ်ပယ်ရှိနေပါသည်။ မြန်မာနိုင်ငံအကြပ်အတည်းနှင့် တောင်တရုတ်ပင်လယ် အငြင်းပွားမှုများကို ဒေသအဆင့် တုံ့ပြန်မှုများမှာ ယခုအထိ တိုးတက်မှု အကန့်အသတ်ဖြင့်သာရရှိခဲ့ပြီး အာဆီယံကဲ့သို့သော ဒေသအဆင့် အဖွဲ့အစည်းများအတွင်း အဖွဲ့ဝင်နိုင်ငံများ၏ ဦးစားပေးများမတူညီကြခြင်းကြောင့် အက်ကြောင်းများ ပေါ်ထွက်လာခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှားက အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ခြင်းကြောင့် ဤအပိုင်းတွင် ခေါင်းဆောင်မှု ပိုမိုအားကောင်းလာရန် မျှော်လင့်ဖွယ်ရာ ရှိပါသည်။ သို့သော် အငြင်းပွားဖွယ်ဖြစ်သော ဘုံ သဘောတူညီချက် ငါးရပ် (Five-Point Consensus) ကို မစွဲကိုင်ဘဲ မူဝါဒပိုင်းဆိုင်ရာ အရေးပါသောအပြောင်းအလဲဖြစ်ရန် အလားအလာမရှိပါ (Za Uk Ling 2022)။

SAARC သည်လည်း အဖွဲ့ဝင်နိုင်ငံများအကြား နှစ်နိုင်ငံ ပိုင်နက်နယ်မြေ ပြဿနာများ၊ ဒေသတွင်းလုံခြုံရေးနှင့် အင်အားဟန်ချက်မညီမှုများကြောင့် အလားတူ ကန့်သတ်ချက်များရှိပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်ရှိယုံကြည်မှုကင်းမဲ့နေခြင်းကို မကျော်လွှားနိုင်ပါက ၂၀၂၃ ခုနှစ်တွင် SAARC ပြန်လည်အသက်ဝင် အင်အားကောင်းလာဖွယ်ရာ အလားအလာမရှိဟု ယူဆရပါသည်။ တင်းမာမှုအချို့ကြောင့် နယ်စပ်ဖြတ်ကျော်အကြမ်းဖက်မှုကဲ့သို့သော ဒေသအဆင့်ကိစ္စရပ်အသီးသီးတွင် SAARC ၏ စည်းလုံးညီညွတ်သော ရပ်တည်ချက်ကို အောင်မြင်စွာဖော်ထုတ်ထားရှိနိုင်ရေး စွမ်းဆောင်ရည်ကို ပျက်ပြားစေနိုင်ပါသည်။ ကိုဗစ်-၁၉ ကဲ့သို့သော အကြပ်အတည်းများကို SAARC က တစ်ကွဲတစ်ပြား တုံ့ပြန်မှုများ (Yhome 2020) နှင့် သီရိလင်္ကာနိုင်ငံရေးနှင့် စီးပွားရေးအကြပ်အတည်းတို့ကို ကြည့်ပါက (Bhabani 2022) ပိုမိုအားကောင်းသော ဒေသအဆင့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များထားရှိရန် လိုအပ်ချက်ကြီးထွားလာသည်ကို တွေ့မြင်နိုင်ပါသည်။ ထို့အပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (Dhaka Tribune 2022) သည် ဒေသအဆင့်အဖွဲ့အစည်း

များ ပြန်လည်အသက်ဝင်လှုပ်ရှားလာစေရေး ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်နိုင်ဖွယ်ရာ ရှိပါသည်။ လက်ရှိကျင့်သုံးလျက်ရှိသော အထက်မှအောက်သို့ ချဉ်းကပ်ပုံမဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်ရေး အတွက် အောက်မှ အထက်သို့ ဖိအားပေးနိုင်မည် ဖြစ်ပါသည်။

အခန်း (၃)

# ရာသီဥတုအပြောင်းအလဲကြောင့် ဒီမိုကရေစီစိန်ခေါ်မှု အခက်အခဲများ

ရာသီဥတုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုသည် အာရှနှင့် ပစိဖိတ်ဒေသ နေရာအနှံ့အပြားတွင် စီးပွားရေး ကိစ္စရပ်များ၏ နောက်တန်းသို့ ရောက်ရှိနေပါသည်။ ကပ်ရောဂါ ဖြစ်ပွားချိန်တွင် ယင်းပုံစံမှာပိုမိုဆိုးဝါးလာပြီး ရာသီဥတုကြောင့် ထိခိုက်မှုအများဆုံးဖြစ်နိုင်သည့် နိုင်ငံများတွင်ပင် စီးပွားရေးကို ပိုမိုဦးစားပေးပါသည်။ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် ပစိတ်ဖိတ်ဒေသတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ မကြုံစဖူး ရေလွှမ်းမိုးမှုများ ဖြစ်ပွားခြင်း၊ ပြည်တွင်းတွင် နေရပ်စွန့်ခွာရခြင်း (အမှန်တကယ်နှင့် မျှော်မှန်း) တို့အတွက် ပြည်တွင်း မူဝါဒ တုံ့ပြန်ဆောင်ရွက်မှုများသည် ယခုအချိန်အထိ ပြဿနာဖြစ်ပွားပြီးနောက် တုံ့ပြန်ဆောင်ရွက်မှုများသာ များပြားပါသည်။ ယင်းဖြစ်ရပ်များမှာ ပစိဖိတ်သမုဒ္ဒရာတွင်း ကျွန်းနိုင်ငံများ၏ နိုင်ငံတကာအဆင့်တွင် ထိရောက်စွာ စုပေါင်းကြိုးပမ်းဆောင်ရွက်ကြခြင်းနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်လျက် ရှိပါသည်။

> တန်းတူညီမျှမှု မရှိခြင်းနှင့် ဆင်းရဲနွမ်းပါးမှုတို့ မြင့်တက်လာခြင်းကြောင့် အများကြိုက်ဝါဒီ မူဝါဒများ ပိုမို၍ နေရာရလာပြီး အုပ်စိုးသူ အလွှာများအနေဖြင့် နိုင်ငံတကာ ရာသီဥတုဆိုင်ရာ လုပ်ဆောင်ချက်များကို လက်မခံကြောင်း ဟောပြောခြင်းဖြင့် နိုင်ငံရေးတွင် ထိရောက်မှုရှိသည်ဟု ယူဆလာနိုင်ပါသည်။

ဒေသတွင်းတွင် ‘မုန်တိုင်းအာဏာရှင်များ’ (‘storm autocrats’) ဟု အမည်ပေးနိုင်သည့် အာဏာရှင်များ ပိုမို၍ပေါ်ပေါက်လာဖွယ်ရာ ရှိပါသည် (Rahman, Anbarci and Ulubaşoğlu 2022)။ ယင်းတို့မှာ ဆိုင်ကလုန်းမုန်တိုင်း၊ တိုင်ဖုန်းမုန်တိုင်း၊ ဟာရီကိန်းမုန်တိုင်း စသည့် မုန်တိုင်းကြီးများတိုက်ခတ်ပြီးနောက် သဘာဝဘေးအခြေအနေ (ယင်းနှင့် ဆက်စပ်သည့် အကူအညီပေးမှုများ စီးဆင်းလာခြင်း) ကို မိမိတို့ နိုင်ငံရေးအသာစီးရရှိမှုအတွက် အမြတ်ထုတ်ကြသည့် နိုင်ငံရေးပိုင်းမှ ပုဂ္ဂိုလ်များဖြစ်ပါသည်။ ဤဖြစ်ရပ်မျိုးကို ဖိလစ်ပိုင်၊ ဖီဂျီ (Ríos, Ivaschenko and Doyle 2019) နှင့် (အတိုင်းအတာအားဖြင့် လျော့နည်းသော်လည်း) ဆော်လမွန်ကျွန်းနိုင်ငံများတွင် တွေ့မြင်နိုင်ပါသည်။ တစ်ချိန်တည်းမှာပင် ရာသီဥတုဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုသည် တစ်ထစ်ချအားဖြင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနှင့် ကြီးပွားချမ်းသာမှုကို ထိခိုက်စေလိမ့်မည်ဟု ပုံဖော်ကြသော အများကြိုက်ဝါဒီနှင့် ရေးရိုးစွဲဝါဒီအင်အားစုများ တိုးပွားလာမည်ဟုလည်း ကြောင်းကျိုးဆီလျော်စွာ မျှော်တွေးနိုင်ပါသည်။ အင်ဒိုနီးရှား၊ မလေးရှား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံ စသည့် နိုင်ငံအများအပြားတွင် ရာသီဥတုအပြောင်းအလဲကြောင့် ရှိရင်း လူ့အဖွဲ့အစည်းတွင်းနှင့် နိုင်ငံရေးပဋိပက္ခများ ပိုမိုဆိုးဝါးလာခြင်း၊ အပြောင်းအလဲကြီးများဖြစ်ပွားခြင်းတို့ကို အထူးသဖြင့် ကျေးလက်ဒေသများတွင် တွေ့ရပါသည်။ တန်းတူညီမျှမှုမရှိခြင်းနှင့် ဆင်းရဲနွမ်းပါးမှုတို့ မြင့်တက်လာခြင်းကြောင့်

အများကြိုက်ဝါဒီ မူဝါဒများပိုမို၍နေရာရလာပြီး အုပ်စိုးသူအလွှာများအနေဖြင့် နိုင်ငံတကာ ရာသီဥတုဆိုင်ရာလုပ်ဆောင်ချက်များကို လက်မခံကြောင်းဟောပြောခြင်းဖြင့် နိုင်ငံရေးတွင်ထိရောက်မှု ရှိသည်ဟု ယူဆလာနိုင်ပါသည်။

ဒေသတွင်း နိုင်ငံအများအပြားတွင် ရာသီဥတုအပြောင်းအလဲသည် ရွေးကောက်ပွဲအတွက် အဓိက ကိစ္စရပ်တစ်ခုအဖြစ်သို့ မရောက်ရှိသေးပါ။ သတင်းခေါင်းစဉ်များတွင် စီးပွားရေးအကြပ်အတည်းများနှင့် လူနေမှုစရိတ် အကြပ်အတည်းများကသာ ကြီးစိုးလျက်ရှိပါသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ၂၀၂၃ ခုနှစ်တွင် သတင်းအချက်အလက်အလွဲများကို တန်ပြန်ရေးနှင့် ရာသီဥတုအပြောင်းအလဲကို ငြင်းကွယ်သည့် မူဝါဒများကို တန်ပြန်ရေးတို့အတွက် အများပြည်သူကို ပညာပေးရေးလှုပ်ရှားမှုများသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်နိုင်ပါမည်။ အလားတူလူငယ်များသည် ရာသီဥတု အကြပ်အတည်းကို ဖြေရှင်းရေးလုပ်ဆောင်မှုများတိုးမြှင့်ရန် ခေါင်းဆောင်များကို ဆော်ဩနိုင်ပြီး လူငယ်များ၏ အခန်းကဏ္ဍကို အထင်မသေးသင့်ပါ။ အရှေ့တောင်အာရှတစ်ဝန်း၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ မလေးရှား၊ နယူးဇီလန်နှင့် ထိုင်းနိုင်ငံတို့တွင် လူငယ်များက ရာသီဥတု သပိတ်ကြီးများ ဆင်နွှဲခဲ့ကြပြီး ရာသီဥတုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို ဦးစားပေးရေး အစိုးရများအပေါ် ဖိအားပေးမှု တိုးမြင့်လာဖွယ်ရာ ရှိပါသည်။ ဆိုရှယ်မီဒီယာပေါ်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းရုံးတိုက်တွန်းရေးလှုပ်ရှားမှု (environmental advocacy campaign) များ တိုးတက်များပြားလာခြင်းကိုလည်း စောင့်ကြည့်လေ့လာရပါမည်။

ဆန့်ကျင်ဘက်အားဖြင့် ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ် စသည့် နိုင်ငံများတွင် ရာသီဥတု အပြောင်းအလဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေး တွန်းအားပေးကြသည့် တက်ကြွလှုပ်ရှားသူများကို တိုက်ခိုက်မှုများ များပြားလာပါသည်။ ဘင်္ဂလားဒေ့ရှ်၏ ဒစ်ဂျစ်တယ်လုံခြုံရေးအက်ဥပဒေ (Digital Security Act) (Bangladesh 2019)၊ သို့မဟုတ် ဗီယက်နမ်၏ ဆိုက်ဘာလုံခြုံရေးဥပဒေ (Cybersecurity Law) (Vietnam 2022) ကဲ့သို့သော အင်တာနက်ပေါ်တွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့် (freedom of expression) ကို ကန့်သတ်သည့် အစီအမံများသည် နိုင်ငံသားများကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိပြီး ရာသီဥတုဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုကို နှောင့်နှေးကြန့်ကြာစေရန်နှင့် ရှောင်လွှဲရန် ယင်းတို့ကို နည်းဗျူဟာမြောက် အသုံးပြုလျက်ရှိပါသည်။ ၂၀၂၃ ခုနှစ်တွင် လူ့အခွင့်အရေး ကာကွယ်သူများ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်သူများ၊ ဌာနေတိုင်းရင်းသားများနှင့် ရာသီဥတုဆိုင်ရာ တက်ကြွလှုပ်ရှားသူများ ဟူသော အုပ်စုများ (ထိုအုပ်စုအများသည် အပြန်အလှန်ဆက်စပ်တူညီကြသည်) ကို အကာအကွယ်ပေးရေးအတွက် တာဝန်ယူတာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှုအစီအမံများကို အားကောင်းစေရေးမှာ ဦးစားပေးအဖြစ် ဆက်လက်တည်ရှိနေပါမည်။

**ရာသီဥတု အပြောင်းအလဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေး တွန်းအားပေးကြသည့် တက်ကြွလှုပ်ရှားသူများကို တိုက်ခိုက်မှုများ များပြားလာပါသည်။**

အခန်း (၄)

# ဒေသအတွင်း တရုတ်နိုင်ငံ၏ ဩဇာသက်ရောက်မှု ကြီးထွားလာခြင်း

**အာဏာများစွာ ရယူထားသော ရှီကျင့်ဖျင်သည် ၂၀၂၃ ခုနှစ်တွင် တရုတ်ပြည်တွင်းနှင့် နိုင်ငံတကာ၌ ၎င်း၏အာဏာကို ကျင့်သုံးမည်သာ ဖြစ်ပါသည်။**

အာရှနှင့် ပစိဖိတ်ဒေသတစ်ဝန်းတွင် တရုတ်နိုင်ငံနှင့် ကင်းသည့်နေရာမရှိပါ။ တရုတ်နိုင်ငံ၏ နိုင်ငံရေး သို့မဟုတ် စီးပွားရေးဩဇာသက်ရောက်မှုမှ လွတ်ကင်းသည့်နိုင်ငံလည်း ဒေသတွင်းတွင်မရှိပါ။ အမေရိကန်ပြည်ထောင်စုသည် သမ္မတ ဒေါ်နယ်ထရန့်လက်ထက်က အာရှ-ပစိဖိတ်ဒေသနှင့် ထိတွေ့ချိတ်ဆက်မှုနည်းပါးသွားခဲ့ပြီး ထို့နောက်တွင် တဖန်ပြန်လည်၍ ပိုမိုကျယ်ပြန့်သော ဒေသအပေါ် အာရုံစူးစိုက်လာခဲ့ရာ (Aum, Galic and Vandenbrink 2022) အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ပထဝီနိုင်ငံရေးပြိုင်ဆိုင်အနိုင်လုကြမည့် ခေတ်သစ်တစ်ခေတ်သို့ ရောက်ရှိတော့မည့် လက္ခဏာဖြစ်ပါသည်။ သို့သော် ယနေ့ခေတ် တရုတ်နိုင်ငံသည် ယခင် ဒီမိုကရက်ပါတီအစိုးရလက်ထက်က တရုတ်ပြည်နှင့် လုံးဝမတူညီတော့ဘဲ ယင်းအပြောင်းအလဲများမှာ ဒေသအဆင့် ဆက်ဆံရေးများတွင် ထင်ဟပ်ပေါ်လွင်မည်သာ ဖြစ်ပါသည်။ တရုတ်နိုင်ငံတွင် ခေါင်းဆောင်တစ်ဦးတည်းလုပ်ပိုင်ခွင့်အာဏာ အလွန်များပြားစွာမရရှိစေရန် တားဆီးရေးအတွက် ပြည်တွင်းတွင် လုပ်ပိုင်ခွင့်အာဏာကို ဖြန့်ခွဲထားသော ကာလရှည်ကျင့်သုံးခဲ့သည့် မူဝါဒကို အစားထိုးလိုက်ပြီး သမ္မတရှီကျင့်ဖျင်လက်တွင် အာဏာကိုဗဟိုချုပ်ကိုင် ကျင့်သုံးလာပါသည်။ အာဏာများစွာ ရယူထားသော ရှီကျင့်ဖျင်သည် ၂၀၂၃ ခုနှစ်တွင် တရုတ်ပြည်တွင်းနှင့် နိုင်ငံတကာ၌ ၎င်း၏အာဏာကို ကျင့်သုံးမည်သာ ဖြစ်ပါသည်။ တရုတ်ပြည်တွင်းတွင် တတိယအကြိမ် သမ္မတ သက်တမ်းကာလ စတင်ချိန်၌ ကိုဗစ်လုံးဝကင်းစင်ရေး (zero-Covid) မူဝါဒကို အများပြည်သူက မကြုံစဖူးဆန့်ကျင်ဆန္ဒပြကြခြင်းနှင့် ကြုံရပါသည်။ တရုတ်အစိုးရ၏တုံ့ပြန်မှုမှာ အထိတ်တလန့် အံ့အားသင့်ဖွယ်ဖြစ်ခဲ့ပြီး နိုင်ငံကိုတစ်ဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါသည်။ သက်ရောက်မှုအားဖြင့် ယခင်ကန့်သတ်ချက်များအားလုံးနီးပါးကို ဖယ်ရှားပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ဆန့်ကျင်ဆန္ဒပြမှုများကြောင့် အစိုးရထံမှအချိန်တိုအတွင်း လိုက်လျောမှုများရရှိခဲ့ခြင်းမှာ တရုတ်နိုင်ငံရေးတွင် ထူးခြားအောင်မြင်မှုတစ်ရပ်ဖြစ်နိုင်ပါသည်။ နိုင်ငံသားများသည် စောင့်ကြည့်ထောက်လှမ်းခံရမှု အထင်အရှားရှိနေစဉ်မှာပင် ဒေသန္တရအဆင့်မျှသာမဟုတ်ဘဲ (ဒေသန္တရအဆင့်တွင် ဆန့်ကျင်ဆန္ဒပြမှုများမှာ ပိုမို၍မကြာခဏ ဖြစ်ပွားလေ့ရှိပါသည်) တစ်နိုင်ငံလုံးအဆင့်တွင် မူဝါဒအပေါ် ဩဇာသက်ရောက်နိုင်စွမ်းရှိကြောင်း ပြန်လည်ဖော်ထုတ်သိရှိလာကြခြင်းဖြစ်ပါသည်။ တရုတ်

နိုင်ငံအတွင်း ကျန်းမာရေးအကြပ်အတည်းနှင့် စီးပွားရေးအကြပ်အတည်းများ ဖြစ်ပွားမည့် အရိပ်လက္ခဏာအများအပြား တွေ့မြင်နေရခြင်းကြောင့် ထပ်မံ၍ဆူပူမှုဖြစ်ပွားလာနိုင်ခြေ ရှိနေပါသည်။ နိုင်ငံသားများစုဖွဲ့မှုလည်း ထပ်မံပေါ်ပေါက်လာနိုင်ပါသည်။

တရုတ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း နိုင်ငံတကာတွင် ပိုမို၍ ရဲတင်းခိုင်မာလာပြီး ၂၀၂၃ ခုနှစ်တွင်လည်း ယင်းအလားအလာအတိုင်း ဆက်လက်ဆောင်ရွက်ဖွယ်ရာ ရှိပါသည်။ ကုန်သွယ်ရေး၊ သံတမန်ရေးနှင့် စစ်ရေးတို့တွင် တရုတ်နိုင်ငံသည် ပိုမို၍ ရဲတင်းခိုင်မာလာချိန်တွင် အမေရိကန်ပြည်ထောင်စုနှင့် (အနည်းငယ်အားဖြင့်) ဩစတြေးလျတို့ကလည်း အလားတူလုပ်ဆောင်လာသဖြင့် အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံအကြား စစ်အေးတိုက်ပွဲအသစ်ဖြစ်လာနိုင်သည်ဟူသော သတိပေးချက်များကို ချဲ့ကားပြောဆိုသည်ဟု မယူဆကြတော့ပါ (Hiroyuki 2022)။ တရုတ်နိုင်ငံသည် ထိုင်ဝမ်ကိစ္စအတွက် အင်တိုက်အားတိုက် စုစည်းဆောင်ရွက်ဖွယ်ရာရှိပြီး အရှေ့အာရှ အထူးသဖြင့် ဂျပန်တွင် တပ်အင်အားတည်ဆောက်နေခြင်းကိုလည်း ရင်ဆိုင်မည်ဖြစ်ပါသည်။ ရင်ဆိုင်ပုံမှာ အာရှတိုက်အလယ်ပိုင်း၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသတို့တွင် ကူးသန်းရောင်းဝယ်ရေးနှင့် သံတမန်ရေးဩဇာ သက်ရောက်မှုကိုတိုးချဲ့လျက် ကမ္ဘာ့ဇာတ်ခုံတွင် အဓိကဒေသတွင်း နိုင်ငံများကို တရုတ်နိုင်ငံနှင့် ပိုမို၍နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ရန် တွန်းအားပေးလာနိုင်ပါသည်။ ယင်းသို့ ရဲတင်းခိုင်မာလာခြင်းအပေါ် ဒေသအတွင်းတွင် ထောက်ခံရကောင်းနိုး ကန့်ကွက်ရကောင်းနိုး ရှုမြင်ပုံမပြတ်သားနိုင်ဘဲ (ambivalence) အင်အားကြီးနိုင်ငံကို သံသယဖြစ်မှု (great-power suspicion) ရှိမည်သာ ဖြစ်ပါသည် (Seah et al 2022)။ တရုတ်နိုင်ငံက ကမ္ဘာနှင့် ပြန်လည်ဆက်သွယ်ရန် တံခါးပြန်လည်ဖွင့်လှစ်ချိန်တွင် ကမ္ဘာကြီးမှာ တရုတ်နိုင်ငံ၏ အကျိုးစီးပွားများနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို ပိုမို၍ သံသယရှိလာခြင်းဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ၎င်း၏ နိုင်ငံတကာ မူဝါဒဦးတည်ချက်များ ပြည့်မီရေးအတွက် ဆောင်ရွက်ရာတွင် နည်းလမ်းကိရိယာများကို ကျယ်ကျယ်ပြန့်ပြန့် စုံလင်စွာအသုံးပြုရန် နောက်မတွန့်ကြောင်း တွေ့ရှိရပါသည်။ ယင်းနည်းလမ်းကိရိယာများအနက် အသုံးအများဆုံးမှာ ကူးသန်းရောင်းဝယ်ရေးနှင့် ငွေရေးကြေးရေး ဖိအားပေးခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ကြိုးဆွဲစေစားခြင်းတို့ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် ကူးသန်းရောင်းဝယ်ရေး တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းများကို မဟာဗျူဟာမြောက်အသုံးပြုလျက် နိုင်ငံအများအပြားအပေါ် နိုင်ငံရေးဖိအားပေးခဲ့ပါသည်။ မကြာသေးမီကဖြစ်ပွားခဲ့သော ဥပမာတစ်ခုမှာ တရုတ်နိုင်ငံအပေါ်ထားရှိသော ဩစတြေးလျ၏ မူဝါဒကို ပြောင်းလဲသွားစေရန် ဩစတြေးလျမှ ဝိုင်အရက်နှင့် ကျောက်မီးသွေး တင်သွင်းမှုများကို နှစ်နှစ်တားမြစ်ပိတ်ပင်ခဲ့ခြင်း ဖြစ်ပါသည် (Russell 2023)။ ဖွံ့ဖြိုးရေး ငွေကြေးစိုက်ထုတ်မှုများနှင့် အများပြည်သူ ချေးငွေထုတ်ပေးခြင်းများဖြင့်လည်း ကူးသန်းရောင်းဝယ်ရေး ဖိအားပေးခဲ့ရာ ရလဒ်များမှာ အောင်မြင်သည်လည်းရှိသကဲ့သို့ မအောင်မြင်သည်လည်းရှိပြီး ရောနှောနေပါသည်။ သီရိလင်္ကာမှာကဲ့သို့ ဒေသအတွင်း ငွေကြေးစီမံခန့်ခွဲမှုလွဲမှားခြင်း အများစုမှာ ဒေသန္တရနိုင်ငံရေး ဆက်စပ်လှုပ်ရှားမှုများကြောင့် ဖြစ်ပေါ်နေသည်မှန်သော်လည်း တရုတ်နိုင်ငံ၏ဘဏ္ဍာရေးအင်အားမှာ ဖိအားပေးရန် အသုံးပြုနိုင်သည့် နည်းလမ်းကိရိယာတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေပါသည်။ ၂၀၂၂ ခုနှစ်တွင် ဇမ်ဘီယာမှာကဲ့သို့ တရုတ်နိုင်ငံသည် အနောက်တိုင်းက ဦးဆောင်သောကြွေးမြီပြန်လည်စီစဉ်ပေးရေးလုပ်ငန်းစဉ်များတွင် အစောပိုင်းပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း (Cotterill and Wheatley 2022) နောင်အခါ ဆက်လက်ပူးပေါင်းဆောင်ရွက်လိမ့်မည်ဟု တစ်ထစ်ချ မမှတ်ယူနိုင်ပါ။

တရုတ်နိုင်ငံသည် ကူးသန်းရောင်းဝယ်ရေးနှင့် ငွေရေးကြေးရေး ဖိအားပေးခြင်းကို အသုံးပြုသည့် တစ်ချိန်တည်းမှာပင် (Nimmo, Hubert and Cheng 2021) ဒေသတစ်ဝန်း ဒစ်ဂျစ်တယ် ဩဇာသက်ရောက်မှုလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ဆောင်မှုများ လျော့နည်းသွားမည် သို့မဟုတ် ရပ်တန့်သွားမည်ဟု ယူဆဖွယ်ရာအကြောင်းမရှိပါ။ ထို့ပြင် တရုတ်နိုင်ငံအခြေပြု ဒစ်ဂျစ်တယ်ပလက်ဖောင်းများ (ဥပမာ ByteDance ၏ TikTok (Kokas 2022) သို့မဟုတ် Tencent နှင့် WeChat ထုတ်လုပ်မှုအမျိုးမျိုး) ကို ဒေသတွင်း အခြား နိုင်ငံများက ပိုမိုအသုံးပြုလာကြခြင်းကြောင့် တရုတ်နိုင်ငံသည် ဒစ်ဂျစ်တယ်ပါဝါ အပျော့စားနှင့် အမာစား ထပ်ဆောင်းရရှိပါသည် (China n.d.)။ အများပြည်သူအကြား နိုင်ငံရေးဆွေးနွေးပြောဆိုမှုများမှာ သမိုင်းတစ်လျှောက် ရှိခဲ့သည့် အယူအစွဲများနှင့် စိုးရိမ်ကြောက်ရွံ့မှုများကြောင့် ပကတိအခြေအနေမှန်နှင့် ကွဲလွဲနိုင်သော်လည်း တရုတ်နိုင်ငံဖြစ် ဒစ်ဂျစ်တယ် စက်ပစ္စည်းကိရိယာများ ကြီးစိုးလွှမ်းမိုးနေခြင်းကြောင့် ဆိုက်ဘာလုံခြုံရေးနှင့် ပထဝီနိုင်ငံရေး စိန်ခေါ်မှုအခက်အခဲများ အမှန်တကယ် ဖြစ်ပွားပါသည်။ ဤအကြောင်းအချက်များကိုစုပေါင်း၍ စဉ်းစားပါက အာရှ-ပစိဖိတ်နိုင်ငံများအတွက် အထူးသဖြင့် ရွေးကောက်ပွဲကျင်းပသည့်ကာလတွင် အနှောင့်အယှက်နှင့် စွက်ဖက်မှု ကင်းရှင်းစွာ နိုင်ငံရေးအခြေအတင် ဆွေးနွေးနိုင်ရေးအတွက် အန္တရာယ်ကျရောက်လွယ်မှုများအသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။

အများပြည်သူအကြား နိုင်ငံရေး ဆွေးနွေးပြောဆိုမှုများမှာ သမိုင်း တစ်လျှောက်ရှိခဲ့သည့် အယူအစွဲ များနှင့် စိုးရိမ်ကြောက်ရွံ့မှုများကြောင့် ပကတိအခြေအနေမှန်နှင့် ကွဲလွဲနိုင်သော်လည်း တရုတ်နိုင်ငံဖြစ် ဒစ်ဂျစ်တယ် စက်ပစ္စည်းကိရိယာများ ကြီးစိုးလွှမ်းမိုးနေခြင်းကြောင့် ဆိုက်ဘာလုံခြုံရေးနှင့် ပထဝီနိုင်ငံရေး စိန်ခေါ်မှုအခက်အခဲများ အမှန်တကယ် ဖြစ်ပွားပါသည်။

လာမည့်နှစ်များတွင် စောင့်ကြည့်သင့်သည့် အပိုင်းတစ်ပိုင်းမှာ တရုတ်နိုင်ငံပြင်ပရှိ တရုတ်လူမျိုးအုပ်စုများနှင့် စပ်လျဉ်း၍ ၎င်းတို့နေထိုင်ရာနိုင်ငံများနှင့် တရုတ်အစိုးရတို့က ၎င်းတို့၏ အခန်းကဏ္ဍ၊ အနေအထားနှင့် ၎င်းတို့အပေါ်ရှုမြင်ပုံဖြစ်ပါသည်။ တရုတ်နိုင်ငံသည် ပြည်ပရောက်တရုတ်နိုင်ငံသားများနှင့်  အခြားနိုင်ငံများရှိ တရုတ်နွယ်ဖွား အခြားနိုင်ငံသားများ၏ လုပ်ဆောင်မှုများကို စောင့်ကြည့်ရန်နှင့် ဩဇာသက်ရောက်ရန် အရင်းအမြစ်အမြောက်အမြား အသုံးပြုပါသည် (Safeguard Defenders 2022)။ တရုတ်နိုင်ငံတွင်းမှ ဝီဂါနှင့် အခြားတူရကီနွယ်ဖွား လူနည်းစုများကို မလျော်မကန်ပြုမူမှုနှင့်စပ်လျဉ်း၍ (HRW 2022) ပြည်ပရှိ ဝီဂါ တိုင်းရင်းသားများ နှုတ်ဆိတ်နေစေရန် နိုင်ငံဖြတ်ကျော် ဖိနှိပ်ရေးလှုပ်ရှားမှုကို အထူးသဖြင့် ညှိနှိုင်းပေါင်းစပ်လျက် လုပ်ဆောင်ပါသည် (The Oxus Society for Central Asian Affairs 2021)။ တရုတ်ဗဟိုအစိုးရ၏ နိုင်ငံဖြတ်ကျော် လက်လှမ်းမီမှုတိုးချဲ့ရန် ယင်းကြိုးပမ်းမှုများ ဆောင်ရွက်လာသည်နှင့် တစ်ချိန်တည်းမှာပင် ဒေသတစ်ဝန်း အခြားနိုင်ငံများရှိ တရုတ်နွယ်ဖွားများကို ယင်းနိုင်ငံအသီးသီးမှ ပြည်သူလူထုက သံသယတိုးပွားလာပြီး ပိုမို၍ စေ့စေ့ငုငုစောင့်ကြည့်လာကြပါသည်။ ဤအချက်မှာ တရုတ်နွယ်ဖွားလူနည်းစုများ အရေးအတွက် များပြားစွာနေထိုင်ကြသည့် အရှေ့တောင်အာရှတွင် အထူးသဖြင့် အရေးကြီးပါသည်။ မလေးရှားတွင် တရုတ်နွယ်ဖွားအသိုက်အဝန်းကို မကြာခဏတိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာပြီး မလေးရှား၏ ယဉ်ကျေးမှုအများကျင့်သုံးကြသည့် လူ့အဖွဲ့အစည်းအတွင်း တရုတ်နွယ်ဖွားများ၏ အနေအထားကို လူသိရှင်ကြား မေးခွန်းထုတ်လာကြပါသည်။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားအမျိုးသားရေးဝါဒီ အင်အားစုများသည် မလေးရှားနိုင်ငံအပေါ် တရုတ်နိုင်ငံ၏ မကောင်းသောဩဇာသက်ရောက်မှုဟု ၎င်းတို့ယူဆသော အကြောင်းခြင်းရာများအတွက် ဇာတိဖွားတရုတ်အသိုက်အဝန်းကို အပြစ်ပုံချရန် ကြိုးပမ်းခဲ့ကြပါသည်။ ၂၀၂၃ ခုနှစ်နှင့် ယင်းနှစ် နောက်ပိုင်းတွင် ဒေသတွင်း၌ တရုတ်နိုင်ငံသည် ဆထက်ထမ်းပိုး မိမိဆန္ဒကို ရှေ့တန်းတင်လာခြင်း စသည့် အကြောင်းအချက်များကြောင့် အရှေ့တောင်အာရှနှင့် အခြားဒေသများတွင် တရုတ်နွယ်ဖွားအသိုက်အဝန်းများကို နောက်ထပ် ရန်လိုမှုများ ဖြစ်ပွားလာနိုင်ခြေ ရှိပါသည်။

အခန်း (၅)

# သတင်းအချက်အလက် အလွဲအမှားများ ဖြန့်ချိခြင်းနှင့် မီဒီယာ၏ ဖြောင့်မတ်မှန်ကန်မှု

သတင်းအချက်အလက် အလွဲအမှားများ ဖြန့်ချိခြင်းသည် အာရှ-ပစိဖိတ်ဒေသကို အထူးသဖြင့် ရွေးကောက်ပွဲကာလတွင်လည်းကောင်း၊ အခြားအချိန်ကာလများတွင်လည်းကောင်း၊ ကပ်ရောဂါသဖွယ် ဒုက္ခပေးလျက်ရှိပါသည်။ သတင်းအချက်အလက် အလွဲအမှားများဖြန့်ချိခြင်းသည် ကမ္ဘာတစ်ဝန်းကြုံတွေ့ရသော စိန်ခေါ်မှုအခက်အခဲဖြစ်သော်လည်း အာရှ-ပစိဖိတ်ဒေသနိုင်ငံအများစုတွင် ထိရောက်သောစည်းမျဉ်းထိန်းချုပ်မှုမရှိဘဲ မီဒီယာ၏ အထွေထွေအနေအထားမှာ အားနည်းသည့်အပြင် (Paladino 2018) ဆိုရှယ်မီဒီယာအသုံးပြုမှု အလွန်လျင်မြန်စွာပြန့်ပွားသဖြင့် စိန်ခေါ်မှုအခက်အခဲမှာ ပိုမိုဆိုးဝါးပါသည်။ နိုင်ငံရေးသတင်းအချက်အလက် အလွဲအမှားများ ဖြန့်ချိခြင်းသည် (အနည်းဆုံးအားဖြင့်) ရွေးကောက်ပွဲရလဒ်များအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း ဖိလစ်ပိုင်ရွေးကောက်ပွဲများတွင် တွေ့ရှိရပါသည်။ သတင်းအချက်အလက် အလွဲအမှားများ ဖြန့်ချိခြင်းကို တိုက်ဖျက်ရေးစစ်ပွဲ ဆင်နွှဲရာ၌ ဖိလစ်ပိုင်ရွေးကောက်ပွဲများကို ရောဂါစတင်တွေ့ရှိဖော်ထုတ်နိုင်သည့် ဇစ်မြစ်လူနာ (‘patient zero’) (Rappler 2022) ဟု ရည်ညွှန်းပြောဆိုလေ့ရှိပါသည်။ သတင်းအချက်အလက် အလွဲအမှားများဖြန့်ချိခြင်းသည် ဘက်မလိုက်ဘဲကြားနေပြီး သတင်းအချက်အလက်များရရှိနိုင်မှုအပေါ်အခြေခံ၍ သိမြင်နားလည်မှုအရင်းခံလျက်မဲပေးရန် နိုင်ငံသားများတွင် အခွင့်အရေးရှိသည်ဟူသော ဒီမိုကရေစီ၏ အနှစ်သာရမူကို တိုက်ခိုက်ခြင်းဖြစ်ပါသည်။ သတင်းအချက်အလက် အလွဲအမှားများဖြန့်ချိခြင်းကြောင့် နိုင်ငံသားများရရှိနိုင်သော သတင်းအချက်အလက်များစီးဆင်းမှုတွင် အလွဲအမှားများ ရည်ရွယ်ချက်ရှိစွာ ရောယှက်ပါဝင်သွားသောအခါ ယင်းအခွင့်အရေးမှာ ပြင်းထန်စွာဖြတ်တောက်လျှော့ချခြင်း ခံရပါသည်။

သတင်းအချက်အလက် အလွဲအမှားများဖြန့်ချိခြင်းသည် အာရှနှင့် ပစိဖိတ်ဒေသတွင် အသစ်အဆန်း မဟုတ်ပါ။ သတင်းအချက်အလက် အလွဲအမှားများဖြန့်ချိရန် အသုံးပြုသော နည်းပညာကို ၂၀၁၇ ခုနှစ် ဂျကာတာတွင်ပြုလုပ်သော အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲများတွင် တွေ့မြင်ရပြီးဖြစ်ပါသည် (Indra 2017)။ အင်တာနက် ထိုးဖောက်ပြန့်နှံ့မှုနှင့် ဆိုရှယ်မီဒီယာ အသုံးပြုမှု များပြားလာသည်နှင့်အမျှ သတင်းအချက်အလက် အလွဲအမှားများဖြန့်ချိခြင်းကို ဒေသတစ်ဝန်း အများပြည်သူ ဆွေးနွေးပြောဆိုမှုနှင့် အခြေအတင်ဆွေးနွေးမှုများတွင် အမြဲတစေ တွေ့မြင်လာရပြီး

**အင်တာနက် ထိုးဖောက်ပြန့်နှံ့မှုနှင့် ဆိုရှယ်မီဒီယာ အသုံးပြုမှု များပြားလာသည်နှင့်အမျှ သတင်းအချက်အလက် အလွဲအမှားများဖြန့်ချိခြင်းကို ဒေသတစ်ဝန်း အများပြည်သူ ဆွေးနွေးပြောဆိုမှုနှင့် အခြေအတင် ဆွေးနွေးမှုများတွင် အမြဲတစေ တွေ့မြင်လာရပါသည်။**

နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နေသူများက (အခြားကမ္ဘာ့နယ်မြေဒေသများမှာကဲ့သို့) အများပြည်သူ ဆွေးနွေးပြောဆိုမှုများကို မောင်းနှင်ရန်နှင့် ထိန်းကျောင်းရန်အသုံးပြုလာကြပါသည်။ ပြည်ပသြဇာ သက်ရောက်မှုရှိသော်လည်း နိုင်ငံအများစုတွင် နိုင်ငံရေးပါတီများ၊ အလှူရှင်များနှင့် အခြား ပြည်တွင်းမှ ပါဝင်ဆောင်ရွက်သူများလောက် သြဇာမညောင်းပါ။ နိုင်ငံအများအပြားတွင် သီးခြား လွတ်လပ်ပြီး အားကောင်းသောမီဒီယာ ခေါ် လူထုဆက်သွယ်ရေးလုပ်ငန်းများက ခံကတုတ်သဖွယ် ကာကွယ်စောင့်ရှောက်မှု မပေးနိုင်ခြင်းကြောင့်လည်း တစ်စိတ်တစ်ဒေသအားဖြင့် သတင်းအချက် အလက်အလွဲအမှားများ ပြန့်နှံ့မှုအတိုင်းအတာ ကြီးမားခြင်းဖြစ်ပါသည်။

အာရှ-ပစိဖိတ်ဒေသတွင် အထူးသဖြင့် ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်နေ သည့် နိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ပါကစ္စတန်နှင့် ထိုင်းနိုင်ငံတို့တွင် လာမည့် နှစ်အတွင်း သတင်းအချက်အလက်ပတ်ဝန်းကျင်ကို ထိန်းချုပ်ကြိုးဆွဲမှုများ များပြားလာဖွယ်ရာရှိ ပါသည်။ ဥပမာ ယင်းနိုင်ငံများတွင် ပြည်တွင်း ပြည်ပ သြဇာသက်ရောက်မှုနှစ်မျိုးလုံးကို တွေ့မြင်ရ နိုင်ပါသည်။ ဖြစ်နိုင်ခြေအများဆုံးမှာ ပြည်ပ သြဇာသက်ရောက်မှုရှိလျှင်လည်း ပြည်တွင်းမှာပင် မြစ်ဖျားခံသည့် ပိုမိုကြီးမားသော ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု၏ တစ်စိတ်တစ်ဒေသသာလျှင် ဖြစ် ဖွယ်ရာရှိပါသည်။

**ကြိုးဆွဲစေစားရာတွင် ဗီဒီယိုကို အဓိက နည်းလမ်းအဖြစ် အသုံးပြုကြပါသည်။ အင်တာနက်ပေါ်တွင် နိုင်ငံရေးဆွေးနွေး ပြောဆိုမှုများမှာ တစ်တော့ (TikTok) ဗီဒီယိုများ၊ ဟာသရုပ်ပုံစာများ နှင့် Youtube ဗီဒီယိုများက ဆထက်ထမ်းပိုး ကြီးစိုးလျက်ရှိပါသည်။**

သို့သော် ယနေ့အထိ မည်သို့သောအလားအလာများပင် ရှိစေကာမူ အင်တာနက်ပေါ်တွင် အများပြည်သူ ထင်မြင်ချက်ကိုကြိုးဆွဲရန် လုပ်ဆောင်မှုသည် ဆင့်ကဲပြောင်းလဲလျက်ရှိပါသည်။ ကြိုးဆွဲရေးလုပ်ငန်းများမှာ ရှုပ်ထွေးပြီး ပါဝင်လုပ်ဆောင်သူ အများအပြား လိုအပ်သည့်အပြင် ပလက်ဖောင်းအများတွင် အကောင့် (account) အမျိုးမျိုးဖွင့်၍ လုပ်ဆောင်ရပါသည်။ နည်းပညာ ပိုင်း အောက်ခြေအဆင့်စစ်သည်များကို အင်ဒိုနီးရှားတွင် ‘နိုင်ငံရေးအာငှားများ’ (‘political buzzers’) ဟုခေါ်ပြီး (Sastramidjaja 2021) စာသား ရုပ်ပုံဗီဒီယိုများ ဖန်တီးရန်နှင့် အင်တာနက်ပေါ်တွင် လိုရာဆွဲပြောဆိုမှုများကိုတွန်းတင်ပေးရန် နိုင်ငံရေးပါတီများနှင့် အကျိုးစီးပွားအုပ်စုများက ငှားရမ်း အသုံးပြုကြပါသည်။ အာငှားအများအပြားမှာ လူငယ်များဖြစ်ပြီး (Rasidi forthcoming) (မိမိတို့၏ နိုင်ငံရေး ရည်မှန်းချက်များအောင်မြင်ရေးအတွက် အခြားအရင်းအမြစ်များနှင့် နည်းလမ်းများ မသုံး နိုင်သည့်) နိုင်ငံရေးသမားများအတွက် ‘အခြေခံပရိတ်သတ်’ (‘fanbase’) ကို တည်ထောင်ပေးပါ သည်။ အာငှားများတွင် လက်ရှိစနစ်ကို မကျေနပ်သော စာနယ်ဇင်းမှပုဂ္ဂိုလ်များလည်း ပါဝင်ပါ သည် (Rasidi and Wijayanto 2021)။ မီဒီယာလုပ်ငန်းစုတွင် လုပ်ငန်းကြီး အနည်းငယ်ကသာ ကြီးစိုးလျက် အုပ်စီးထားခြင်းမှလွတ်မြောက်ရန် နည်းလမ်းရှာကြခြင်းဖြစ်ပါသည်။ ကြိုးဆွဲစေစား ရာတွင် ဗီဒီယိုကို အဓိကနည်းလမ်းအဖြစ် အသုံးပြုကြပါသည်။ အင်တာနက်ပေါ်တွင် နိုင်ငံရေး ဆွေးနွေးပြောဆိုမှုများမှာ တစ်တော့ဗီဒီယိုများ၊ ဟာသရုပ်ပုံစာများနှင့် Youtube ဗီဒီယိုများက ဆထက်ထမ်းပိုး ကြီးစိုးလျက်ရှိပါသည်။ ဗီဒီယိုသည် (Sundar, Molina and Cho 2021) ယုံကြည်နိုင်မှု ပိုမိုများပြားပြီး သတင်းအချက်အလက် အလွဲအမှားများကို အနှံ့အပြားမျှဝေကြမည့် အန္တရာယ်နှင့် အကြမ်းဖက်မှုဖြစ်ပွားစေရန် သွေးထိုးလှုံ့ဆော်မည့်အန္တရာယ်ပိုမိုများပြားပါသည်။ အင်တာနက်ပေါ် တင်ထားသော အကြောင်းအရာများသည် အင်တာနက်ပေါ်မှမဟုတ်သော ကောလဟာလများနှင့် အပြန်အလှန်ဆက်စပ်လျက် ရပ်ရွာအသိုက်အဝန်းအဆင့်တွင်အကြမ်းဖက်လူအုပ်စုဖြင့် တိုက်ခိုက် မှုများ ဖြစ်ပွားလာနိုင်ပါသည် (The Indian Express 2018)။

နိုင်ငံရေးကြိုးဆွဲစေစားမှု ပုံစံသစ်၏ အပိုင်းကဏ္ဍတစ်ရပ်မှာ ဩဇာသက်ရောက်မှုရှိသူ (influencer) များကို အသုံးပြုခြင်း ဖြစ်ပါသည်။ ပလက်ဖောင်းတစ်ခုတွင် follow လုပ်သူ ပရိတ်သတ် အများအပြားရှိသူများကိုငှားရမ်းလျက် ထုတ်ဖော်အသိပေးမှု မရှိဘဲ နိုင်ငံရေးရာထူးနေရာအတွက် အရွေးခံမည့်သူ သို့မဟုတ် အုပ်စုကို အားပေးမြှင့်တင် ကြော်ငြာစေခြင်း ဖြစ်ပါသည်။ လူငယ်များ နိုင်ငံရေးနှင့် ပိုမိုနီးစပ်စေသည့် ထိရောက်သောနည်းလမ်းတစ်ရပ် ဖြစ်နိုင်သော်လည်း ဩဇာသက်ရောက်မှုရှိသူ (influencer) များ၏ စည်းရုံးတိုက်တွန်းမှုသည် သဘာဝအလျောက် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ စစ်မှန်ခြင်းလည်းမရှိပါ။ ငွေကြေးစေ့ဆော်မှုဖြင့် လုပ်ဆောင်ပြီး ပြင်ပမှဇာတ်ညွှန်း အတိုင်း လိုရာဆွဲ ပြောဆိုမှုကို လိုက်ပါပြောဆိုခြင်းသာ ဖြစ်ပါသည်။ စစ်မှန်မှုမရှိသော ဤအပြုအမူမျိုးသည် မဲဆန္ဒနယ် အများအပြားတွင် မဲပေးရွေးချယ်မှုများအပေါ် ဩဇာသက်ရောက်နိုင်စွမ်း ရှိပါသည်။

အင်တာနက်ပေါ်တွင် ဩဇာသက်ရောက်ရေး လုပ်ဆောင်မှုများ ထိန်းသိမ်းမရနိုင်ဟု ထင်မြင် ယူဆရလောက်အောင် ကြီးထွားများပြားလာခြင်းကို အစိုးရများက အကြောင်းပြချက်အဖြစ် အသုံးပြုလျက် ဖိနှိပ်ရေးနည်းလမ်းကိရိယာများကို လက်ဝယ်ရယူလာကြခြင်း (Fernandez Gibaja 2022)၊ ကန့်သတ်သော ဥပဒေများပြဋ္ဌာန်းလာကြခြင်းများ ရှိပါသည်။ ဒေသတစ်ဝန်း အစိုးရများသည် အင်တာနက်ပေါ်တွင် လွတ်လပ်ခွင့်ကို ကန့်သတ်သည့်ဥပဒေများ ပြဋ္ဌာန်းခဲ့ကြပါသည်။ အကြောင်းအရာများကို စောင့်ကြည့်စိစစ်ပေးသည့် (content moderation) ပုံစံဖြင့် လုပ်ဆောင်လေ့ရှိပါသည်။ ၂၀၂၃ ခုနှစ်တွင် ကန့်သတ်ချုပ်ခြယ်သော ဥပဒေများပြဋ္ဌာန်းပြီးသည့် နိုင်ငံများမှာပင် ပိုမိုကန့်သတ်ချုပ်ခြယ်သော ဥပဒေများပြဋ္ဌာန်းခြင်း၊ လွတ်လပ်စွာထုတ်ဖော်ခွင့်ကို ကန့်သတ်သည့် တည်ဆဲဥပဒေမူဘောင်များကို ပိုမို၍တွန်းတွန်းတိုက်တိုက် ကျင့်သုံးခြင်းများ ဖြစ်ပွားလာနိုင်သည့် ဖြစ်နိုင်ခြေရှိပါသည်။

မီဒီယာကို ကြိုးဆွဲစေစားရန်နှင့် ဖိနှိပ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းသည်လည်း အာဏာရှိသူများကို တာဝန်ယူတာဝန်ခံစေရေး သီးခြားလွတ်လပ်သော မီဒီယာ၏လုပ်ငန်းတာဝန်အခန်းကဏ္ဍကို ထပ်မံ၍ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိပါသည်။ အာရှနှင့် ပစိဖိတ်ဒေသတွင် သီးခြားလွတ်လပ်သော စာနယ်ဇင်းလုပ်ငန်းကို တိုက်ခိုက်မှုများ တိုးပွားများပြားလာပြီး စာနယ်ဇင်းမှပုဂ္ဂိုလ်များ လုံခြုံရေးအန္တရာယ် ရင်ဆိုင်နေရပါသည်။ သီးခြားလွတ်လပ်သော စာနယ်ဇင်း လုပ်ငန်းမှာ တာဝန်ယူတာဝန်ခံမှု၏ အဓိကအရေးပါသော အစိတ်အပိုင်း ဖြစ်ပြီး သတင်းအချက်အလွဲအမှားများဖြန့်ချိခြင်းကို ဟန့်တားနိုင်သည့် အထိရောက်ဆုံး အတားအဆီးတစ်ရပ်လည်း ဖြစ်ပါသည်။ သို့သော် နယ်စည်းမထားသတင်းထောက်များအဖွဲ့အလိုအရ (Reporters without Borders n.d.) ဒေသအတွင်း သတင်းလွတ်လပ်ခွင့်များမှာ မကြာသေးမီနှစ်များအတွင်း သိသာစွာယိုယွင်းကျဆင်းခဲ့ပါသည်။

အခန်း (၆)

# ရွေးကောက်ပွဲများမှ အာဏာရှင်စနစ်ပေါ်ထွက်လာခြင်းနှင့် နိုင်ငံရေးတွင် စစ်ဘက်မှလွှမ်းမိုးလာခြင်း

လွန်ခဲ့သောဆယ်စုနှစ်အတွင်း တောင်အာရှနှင့် အရှေ့တောင်အာရှတွင် အရပ်ဘက်အုပ်ချုပ်မှု၌ စစ်ဘက်အာဏာ ပြန်လည်ဝင်ရောက်ကျင့်သုံးလာမှုကို တွေ့ရပါသည်။ မကြာသေးမီ နှစ်များအတွင်းက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတွင် အာဏာသိမ်းမှုများဖြစ်ပွားခဲ့သည့်အပြင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ပါကစ္စတန်နှင့် သီရိလင်္ကာတွင် စစ်ဘက်၏အခန်းကဏ္ဍမှာ ဆက်လက်ကြီးထွားလျက်ရှိပါသည်။ ကိုဗစ်-၁၉ ဖြစ်ပွားစဉ်က ယင်းနိုင်ငံအချို့တို့တွင် ကျန်းမာရေးလုပ်ထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်ရေးအတွက် တပ်ကိုစေလွှတ်တာဝန်ပေးခဲ့ရာ ပြည်တွင်းရေးတွင် စစ်ဘက်၏အခန်းကဏ္ဍ ပိုမိုမြင့်မားလာခဲ့ပါသည်။ အချို့နိုင်ငံများတွင် အများပြည်သူ အာဏာပိုင်များက အာဏာကို အုပ်ချုပ်ရေးပိုင်းတွင် စုစည်းလာကြပြီး အခြားအစိုးရကဏ္ဍများ၏ လုပ်ငန်းတာဝန်များကို ရယူခဲ့ကြပါသည်။ ထိုလုပ်ရပ်များကြောင့် အစိုးရအာဏာကိုထိန်းကွပ်မှုများ လျော့နည်းကျဆင်းခဲ့ရပါသည်။ ကျန်းမာရေး ကန့်သတ်ချက်များကိုလည်း ကျယ်ပြန့်စွာအသုံးပြုလျက် အစိုးရနှင့် သဘောကွဲလွဲမှုကို နှုတ်ပိတ်ခြင်းနှင့် ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်ခြင်းများ လုပ်ဆောင်ခဲ့ကြပါသည်။ အင်ဒိုနီးရှားတွင် စစ်ဘက်သည် အတိအလင်း အာဏာမသိမ်းခဲ့သော်လည်း ဂျိုကိုဝီ အစိုးရလက်အောက်ရှိ အရေးပါသောဝန်ကြီးဌာနများကို ထိန်းချုပ်နိုင်မှုပြန်လည်ရယူခဲ့ပါသည်။ ထို့ကြောင့် စစ်ဘက်မှရယူခဲ့သောအာဏာကို အရပ်ဘက်သို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခြင်း ရှိမရှိ လာမည့်နှစ်များတွင် နီးကပ်စွာစောင့်ကြပ်ကြည့်ရှုရန် လိုအပ်ပါမည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် အတုအယောင် ရွေးကောက်ပွဲများကို ၂၀၂၃ ခုနှစ်တွင် ကျင်းပရန် စီစဉ်ထားပြီး ဒီမိုကရေစီနည်းမကျသော အစိုးရများ အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်) တည်ထောင်ပြီး အာဏာရှင် အာဏာအခြေခံများကို ခိုင်မာစေရေးဆောင်ရွက်လာမည့် အန္တရာယ်ရှိပါသည်။ မြန်မာနိုင်ငံတွင် စစ်တပ်သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု (coup d’état) ကို တရားနည်းလမ်းကျသည့်အနေဖြင့်ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ဝန်ကြီးချုပ်ဟွန်ဆန်သည် မိမိ၏အာဏာကို ပိုမိုခိုင်မာစေရေးကြံဆလျက်ရှိပါသည်။ ယင်းနိုင်ငံများတွင် ရွေးကောက်ပွဲများပြုလုပ်လျှင် လွတ်လပ်မှုနှင့် တရားမျှတမှုမရှိနိုင်ဟု လက်ရှိနိုင်ငံရေးပတ်ဝန်းကျင်များကိုထောက်ရှုလျက် ယူဆရပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် အတုအယောင် ရွေးကောက်ပွဲများကို ၂၀၂၃ ခုနှစ်တွင် ပြုလုပ်ရန် စီစဉ်ထားပြီး ဒီမိုကရေစီနည်းမကျသော အစိုးရများ အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်) တည်ထောင်ပြီး အာဏာရှင် အာဏာအခြေခံများကို ခိုင်မာစေရေး ဆောင်ရွက်လာမည့် အန္တရာယ်ရှိပါသည်။

အာဏာရှင်စနစ်ကိုကျော်လွှားနိုင်ရန် စုစည်းညီညွတ်သော အတိုက်အခံလိုအပ်ကြောင်းနှင့် အတိုက်အခံရှိရုံမျှဖြင့်မူ မလုံလောက်သေးကြောင်း ဒေသအဆင့်အတွေ့အကြုံအရ သိရှိနိုင်ပါသည်။ မလေးရှားနိုင်ငံတွင် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များက Barisan Nasional ပါတီ ရွေးကောက်ပွဲ ရှုံးနိမ့်ခဲ့ပြီး ၆၁ နှစ်ကြာ အာဏာရရှိထားမှု အဆုံးသတ်သွားခြင်းမှာ စုစည်းညီညွတ်သော အတိုက်အခံရှိခြင်းကြောင့် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။ မြန်မာစစ်အစိုးရက စီစဉ်ထားသော ၂၀၂၃ ခုနှစ် 'ရွေးကောက်ပွဲ' မတိုင်မီ တော်လှန်ရေးအင်အားစုများအကြား ဆွေးနွေးမှုများပြုလုပ်လျက် မြန်မာနိုင်ငံသမိုင်းတလျှောက် အများပါဝင်မှုအမြင့်မားဆုံး အုပ်ချုပ်မှုအဖွဲ့အစည်းများ (အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (National Unity Consultative Council) (NUCC) နှင့် အမျိုးသား ညီညွတ်ရေးအစိုးရ (National Unity Government) (NUG)) ကိုတည်ထောင်ခြင်း၊ ဒီမိုကရေစီနည်းကျ နိုင်ငံရေးလမ်းပြမြေပုံ (ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (Federal Democratic Charter)) ရေးဆွဲခြင်း၊ မြန်မာပြည်သူလူထု၏ ထောက်ခံပံ့ပိုးမှုဖြင့် မိမိတို့ထိန်းချုပ်နယ်မြေများကို တိုးချဲ့ရန် စစ်ရေးလှုပ်ရှားမှုများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နိုင်ခဲ့ပါသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အတိုက်အခံပါတီ ၅ ပါတီတို့ မဟာမိတ်ဖွဲ့စည်းရန် ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး ရွေးကောက်ပွဲ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ၂၀၂၃ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ မတိုင်မီပြောင်းလဲပေးရေး တွန်းအားပေးလုပ်ဆောင်ရန် သဘောတူညီချက်ရရှိခဲ့ပါသည်။ သို့ရာတွင် ပူးပေါင်းဆောင်ရွက်ရာ၌ စိန်ခေါ်မှုအခက်အခဲများကြုံတွေ့ရပြီး အကြီးဆုံးအတိုက်အခံပါတီဖြစ်သော ကမ္ဘောဒီးယား အမျိုးသား ကယ်ဆယ်ရေးပါတီ (Cambodian National Rescue Party) မှာလည်း ညှိနှိုင်းပေါင်းစပ်၍ နှိမ်နင်းခြင်းခံရပါသည် (European Parliament 2022)။

ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့် ထိုင်းနိုင်ငံတို့တွင် ၂၀၂၃ ခုနှစ်အတွင်း အရေးပါသော ရွေးကောက်ပွဲ သုံးပွဲကျင်းပရန် ရှိပါသည်။ ထိုင်းနိုင်ငံတွင် စစ်ဘက်နှင့် ပူးပေါင်းထားသည့် ညွန့်ပေါင်းအစိုးရသည် ၂၀၁၉ ခုနှစ်မှစတင်၍ အာဏာရယူထားပြီး မေလတွင်ကျင်းပရန် စီစဉ်ထားသည့် အထွေထွေ ရွေးကောက်ပွဲတွင် လူထုထောက်ခံမှုအားကောင်းသော ဒီမိုကရေစီဘက်တော်သား အတိုက်အခံများကို ရင်ဆိုင်ရမည်ဟုယူဆကြပါသည်။ ရွေးကောက်ပွဲများမှာ ပွင့်လင်းမြင်သာသော်လည်း စစ်ဘက်နှင့် ပူးပေါင်းထားသည့်အင်အားစုများ ရှုံးနိမ့်မှုကြီးမားသည့် အခြေအနေဖြစ်ပေါ်လာလျှင် မငြိမ်သက်မှုများဖြစ်လာနိုင်ပြီး နိုင်ငံ၏တည်ငြိမ်မှုကို ထပ်မံ၍ထိခိုက်နိုင်ပါသည်။ နောက်တစ်ကြိမ် အာဏာသိမ်းမည့် ခြိမ်းခြောက်မှုအန္တရာယ်မှာ အမြဲတစေရှိနေပါသည်။ ဘင်္ဂလားဒေ့ရှ်တွင် သမ္မတရွေးကောက်ပွဲနှင့် အထွေထွေရွေးကောက်ပွဲများမှာ မည်မျှလွတ်လပ်၍ တရားမျှတမှုရှိမည်ကို စိုးရိမ်ပူပန်မှုများထွက်ပေါ်ခဲ့ပြီး ဖြစ်ပါသည်။ အတိုက်အခံပါတီများကို နှိမ်နင်းခြင်းနှင့် အာဏာရ အဝါမီလိဂ် (Awami League) ပါတီအတွက် မဲများ မဲပုံးတွင်းထည့်သွင်းထားခြင်း သတင်းများလည်း ထွက်ပေါ်ခဲ့ပါသည်။ ပါကစ္စတန်တွင်လည်း အလားတူပင်ဖြစ်ပြီး အရပ်ဘက် နိုင်ငံရေးတွင် သမိုင်းတစ်လျှောက် စစ်ဘက်က အခန်းကဏ္ဍပါဝင်ခဲ့သည်ကို ထောက်ရှုလျက် ၂၀၂၃ ခုနှစ် အောက်တို ဘာလတွင်ကျင်းပပြုလုပ်ရန် စီစဉ်ထားသည့် အထွေထွေရွေးကောက်ပွဲသည် စစ်ဘက်၏ ကြားနေမှုကို မှတ်ကျောက်တင်သည့်ပွဲ ဖြစ်ပါမည်။

အမှန်စင်စစ် အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်များ)၊ သီးခြားလွတ်လပ်သော တရားရုံးများနှင့် လွတ်လပ်သော မီဒီယာတို့ အားကောင်းစေရေးမှာ အရေးပါသော လုပ်ငန်းတာဝန်တစ်ရပ် အဖြစ် ဆက်လက်တည်ရှိနေပါသည်။ နိုင်ငံအချို့တွင် ဥပဒေတိုက်ပွဲ (lawfare) ဆင်နွှဲမှု များပြား

**တရားသူကြီးများနှင့် အများပြည်သူ အုပ်ချုပ်ရေးအတွင်း အဓိကရာထူးနေရာများကို စစ်ဘက်က ခန့်အပ်ပြီး ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးသည့် အစဉ်အလာ ဖြစ်ပေါ်လာသောအခါ တရားစီရင်ရေးပိုင်း သီးခြားလွတ်လပ်မှုကို ထိခိုက်လာပါသည်။**

လာခြင်းနှင့် လစ်ဘရယ်ဆန့်ကျင်ရေးလုပ်ငန်းစဉ်ကို အတည်ပြုလျက် အစိုးရနှင့် သဘောကွဲလွဲမှုကို ဖိနှိပ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးများကို အလွဲသုံးခြင်းများဖြစ်ပွားလျက်ရှိပြီး အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့တွင် အထင်ရှားဆုံး ဖြစ်ပါသည်။ နိုင်ငံအများအပြားတွင် တရားသူကြီးများနှင့် အများပြည်သူအုပ်ချုပ်ရေးအတွင်း အဓိကရာထူးနေရာများကို စစ်ဘက်က ခန့်အပ်ပြီး ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးသည့် အစဉ်အလာဖြစ်ပေါ်လာသောအခါ တရားစီရင်ရေးပိုင်း သီးခြားလွတ်လပ်မှုကို ထိခိုက်လာပါသည်။ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင် အစဉ်အလာ စစ်ဘက်အုပ်စိုးသူအလွှာများက ဖွဲ့စည်းပုံအခြေခံဥပဒေ နည်းလမ်းများဖြင့် တရားသူကြီးများကို လိုသလိုစေစားမှုများရှိပြီး ယင်းနှစ်နိုင်ငံမှာ ဥပမာမျှသာ ရှိပါသေးသည်။ ၂၀၂၃ ခုနှစ်တွင် ယင်း အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်) များ ဖြောင့်မတ်မှန်ကန်မှုကို စောင့်ကြည့်ရပါမည်။

အခန်း (၇)

# နိုင်ငံရေးအတွက် ငွေကြေးထောက်ပံ့မှုနှင့် အဂတိလိုက်စားမှု

နိုင်ငံရေးတွင် ငွေကြေး၏ မတော်သြဇာ လွှမ်းမိုးလာသောအခါ ဒေသတွင်းရှိ ခံနိုင်ရည်နည်းပါးသော ဒီမိုကရေစီနိုင်ငံအချို့မှာ ထိခိုက်မှုရှိပါသည်။ ယေဘုယျအားဖြင့် နိုင်ငံအသီးသီးသည် နိုင်ငံရေးနှင့် စပ်လျဉ်းသည့် ငွေကြေးကိစ္စ (political finance) အတွက် လိုက်နာရမည့် ဥပဒေမူဘောင်အမျိုးမျိုးကို အခိုင်အမာပြဋ္ဌာန်းထားရှိကြပါသည်။ နိုင်ငံရေးနှင့် စပ်လျဉ်းသည့် ငွေကြေးကိစ္စ အဓိကပြဿနာများမှာ ယင်းဥပဒေမူဘောင်များကြောင့်မဟုတ်ဘဲ အာဏာပိုင်များက ယင်းမူဘောင်များကို လိုက်နာစေရေး အရေးယူဆောင်ရွက်နိုင်စွမ်း မလုံလောက်ခြင်း၊ နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်နေကြသူများသည် ယင်းမူဘောင်များကို ချိုးဖောက်သော်လည်း ပြစ်ဒဏ်မှကင်းလွတ်နေခြင်းတို့ကြောင့် ဖြစ်ပါသည်။

နိုင်ငံရေးတွင် ငွေကြေး၏ မတော်သြဇာ လွှမ်းမိုးလာသောအခါ ဒေသတွင်းရှိ ခံနိုင်ရည်နည်းပါးသော ဒီမိုကရေစီနိုင်ငံအချို့မှာ ထိခိုက်မှုရှိပါသည်။

ဖိလစ်ပိုင်နိုင်ငံ ၂၀၂၂ ခုနှစ် ရွေးကောက်ပွဲတွင် ရှင်းလင်းသော ဥပမာကို တွေ့မြင်နိုင်ပါသည်။ အနိုင်ရရှိသော သမ္မတလောင်းသည် အကြီးဆုံး မဲဆွယ်ရေးဘတ်ဂျက်ကို လက်တစ်ဆုပ်စာမျှသော အလှူရှင်များထံမှရရှိခဲ့ပြီး ယင်းအလှူရှင်အများအပြားသည် အစိုးရကန်ထရိုက်များရရှိပြီး စီးပွားရေးအကျိုးစီးပွားဖြစ်ထွန်းရန် နီးစပ်သူများဖြစ်ပါသည်။

ဒေသတွင်း နိုင်ငံအများအပြားတွင် ရွေးကောက်ပွဲများကို အများပြည်သူဘဏ္ဍာငွေဖြင့် ကျင်းပပြုလုပ်ပါသည်။ သို့သော် အရင်းအမြစ်များ ဖြန့်ဝေပေးသည့်စနစ်များမှာ မျှတမှုမရှိပါ။ ထိုင်းနိုင်ငံတွင် အစိုးရထံမှငွေကြေးကို ပါတီငယ်များ တည်ထောင်ထားသူများက ရုပ်မြင်သံကြားစက် သို့မဟုတ် အခြား အီလက်ထရောနစ်ပစ္စည်းများ ဝယ်ယူလျက် ကိုယ်ကျိုးအတွက် အလွဲသုံးကြပါသည်။ တည်ဆဲငွေကြေးစည်းမျဉ်းများအတိုင်း လိုက်နာရန် အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် ငွေကြေးစည်းမျဉ်းများ မရှိခြင်းသည်လည်း မဖြေရှင်းနိုင်သေးသည့် ပြဿနာတစ်ရပ် ဖြစ်ပါသည်။ အင်ဒိုနီးရှားတွင်လည်း အလားတူ ပြဿနာများရှိပါသည်။ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအုပ်စုကြီး (conglomerate) များက ၎င်းတို့ထောက်ခံသော နိုင်ငံရေးပိုင်း ရွေးကောက်ပွဲဝင်သူများ၏ ငွေကြေးအနေအထားပေါ် များစွာသြဇာသက်ရောက်နိုင်ပြီး အမှန်တကယ်လည်း သြဇာသက်ရောက်မှု ရှိပါသည်။

ယင်းသက်တမ်းရှည် ပြဿနာများအပြင် နိုင်ငံရေးတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုများပြားလာခြင်းကြောင့် နိုင်ငံရေးနှင့် စပ်လျဉ်းသည့် ငွေကြေးကိစ္စ (political finance) ဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေအသစ်များ ပေါ်ပေါက်ပါသည်။ ဒေသတွင်းတွင် နိုင်ငံရေးနှင့် စပ်လျဉ်းသည့် ငွေကြေးကိစ္စ စနစ်အများစုမှာ ကိုယ်စားလှယ်လောင်းများနှင့်နိုင်ငံရေးပါတီများ၏ အင်တာနက်ပေါ်တွင် လှုပ်ရှားဆောင်ရွက်မှုများကို စည်းမျဉ်းထိန်းချုပ်မှု သို့မဟုတ် စောင့်ကြပ်စစ်ဆေးမှု မလုံလောက်ပါ။ အချို့နိုင်ငံများတွင် အင်တာနက်ပေါ် နိုင်ငံရေးအသုံးစရိတ်များကို စည်းမျဉ်းထိန်းချုပ်သည့် ဥပဒေမရှိသေးပါ။ သက်ဆိုင်ရာ နိုင်ငံအဆင့်အဖွဲ့အစည်းများ၏ စီရင်ပိုင်ခွင့်နှင့် ကြီးကြပ်မှုပြင်ပတွင် အသုံးစရိတ်များကို သုံးစွဲနေခြင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ ယင်းအဖွဲ့အစည်းများသည် ကနဦးကပင် အင်တာနက်ပေါ် နိုင်ငံရေးအသုံးစရိတ်များကို နီးကပ်စွာ စောင့်ကြပ်စစ်ဆေးရန် အရင်းအမြစ်များလည်း မရှိပါ။ သို့ဖြစ်၍ နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ငွေကြေးကိစ္စဆိုင်ရာ ထိန်းချုပ်မှုများတွင် ကြီးမားသောလစ်ဟာချက်ပေါ်ပေါက်နေပြီး ဒေသတစ်ဝန်း နိုင်ငံရေးလုပ်ဆောင်သူများက ယင်းလစ်ဟာချက်ကို အမြတ်ထုတ်အသုံးပြုလျက် ရှိပါသည်။

ဒေသတွင်းရှိ ကြွေးမြီတင်ရှိမှုများပြားသော နိုင်ငံများတွင် ဆူပူမှုများဖြစ်ပွားလာနိုင်ခြေရှိခြင်းသည်လည်း အထူးစိတ်ဝင်စားဖွယ်ရာ ဖြစ်ပါသည်။ ကမ္ဘောဒီးယား၊ လာအို၊ မော်ဒိုက်၊ မွန်ဂိုလီယားနှင့် ပါကစ္စတန်ကဲ့သို့သော နိုင်ငံများမှာ ကြွေးမြီတင်ရှိမှုများပြားပါသည်။ များသောအားဖြင့် ကြီးမားသော အခြေခံအဆောက်အဦ စီမံချက်များလုပ်ဆောင်ရာမှ တင်ရှိသောကြွေးမြီများဖြစ်ပြီး ချေးငွေအစီအစဉ်များမှာ ရေရှည်ပြန်လည်ပေးဆပ်နိုင်မည့် အစီအစဉ်များမဟုတ်ပါ။ ယင်းနိုင်ငံအများအပြားတွင် အစိုးရနေဖြင့် ကြွေးမြီပြန်မဆပ်နိုင်ခြင်းကြောင့် လာမည့်နှစ်တွင် ဆူပူမှုများဖြစ်ပွားလာနိုင်ပါသည်။

> **အဂတိလိုက်စားမှုနှင့် နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ငွေကြေးကိစ္စတို့ကြောင့် မလေးရှား၊ မွန်ဂိုလီယားနှင့် ထိုင်းနိုင်ငံမှာကဲ့သို့ အများပြည်သူ လှုပ်ရှားဆောင်ရွက်လာပြီး ဒီမိုကရေစီဘက်တော်သား အရပ်ဘက်လူမှုအဖွဲ့အစည်းများကို နိုးကြားလာစေနိုင်ပါသည်။**

အဂတိလိုက်စားမှုနှင့် နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ငွေကြေးကိစ္စတို့ကြောင့် မလေးရှား၊ မွန်ဂိုလီယားနှင့် ထိုင်းနိုင်ငံမှာကဲ့သို့ အများပြည်သူ လှုပ်ရှားဆောင်ရွက်မှုများရှိလာပြီး ဒီမိုကရေစီဘက်တော်သား အရပ်ဘက်လူမှုအဖွဲ့အစည်းများကို နိုးကြားလာစေနိုင်ပါသည် (Lkhaajav and Bazarsuren 2022)။ မွန်ဂိုလီယားနှင့် ထိုင်းနိုင်ငံတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒီမိုကရေစီထောက်ခံသော လှုပ်ရှားဆောင်ရွက်သူများသည် မိမိတို့၏ လူထုလှုပ်ရှားမှုများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဟောပြောခြင်းအပေါ်အခြေခံပါသည်။ မလေးရှားတွင် အခိုင်အမာနေရာယူထားသောလုပ်ပိုင်ခွင့်အာဏာကြီးမားသည့် အကျိုးစီးပွားများကို အနိုင်ယူနိုင်ခဲ့ပါသည်။ မီဒီယာသည် ယင်းနှိုးဆော်မှုများတွင် အခန်းကဏ္ဍ ပါဝင်ဆောင်ရွက်နိုင်ပြီး စာနယ်ဇင်းများ ပိုမိုလွတ်လပ်ပါက အဂတိလိုက်စားမှုအဆင့်လည်း လျော့နည်းလေ့ရှိကြောင်း တက္ကသိုလ်ပညာရှင်များ၏ သုတေသနမှ တွေ့ရှိရပါသည်။ ရာဇဝတ်ပြစ်မှု စုံစမ်းထောက်လှမ်းသူများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဌာနများနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်းများသည် မကြာခဏလုပ်ငန်းများ အလွန်များပြားလျက်ဝန်ပိနေတတ်ပြီး စာနယ်ဇင်းမှုပုဂ္ဂိုလ်များသည် ယင်းတို့အတွက် ဖြည့်ဘက်အဖြစ်ဆောင်ရွက်လျက် အဂတိလိုက်စားသည့် အစီအစဉ်များကို ဖော်ထုတ်ခြင်း၊ အသေးစိတ်အချက်များကို နိုင်ငံသားများသိရှိနိုင်ရန် ဖော်ထုတ်ရေးသားခြင်းများ လုပ်ဆောင်နိုင်ပါသည်။ သို့ဖြင့် ပြည်သူလူထုသည် ဒီမိုကရေစီနည်းကျ လုပ်ငန်းစဉ်များဖြင့် အရေးယူဆောင်ရွက်ပေးရန်တောင်းဆိုခြင်း၊ အပြောင်းအလဲပြုလုပ်ပေးရန် တောင်းဆိုခြင်းများ လုပ်ဆောင်နိုင်ပါသည်။

# နိဒါန်း

ဤဆွေးနွေးပွဲစာတမ်း၏ ရည်ရွယ်ချက်မှာ ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများ အပေါ် အခြေခံလျက် ၂၀၂၃ ခုနှစ်အတွင်း အာရှနှင့် ပစိဖိတ်ဒေသ ဒီမိုကရေစီ ကြံ့ခိုင်မှုအခြေအနေကို သတ်မှတ်ပေးမည့် အရေးပါဆုံး အလားအလာများကို ကြိုတင်ခန့်မှန်းရန် ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်သည် မဝေးတော့သော အနာဂတ်ကာလအတွက် ဒေသတွင်း နိုင်ငံရေးကို ပုံဖော်လျက် အဆုံးအဖြတ်ပေးမည့် တင်းမာမှုနှင့် လှုပ်ရှားပြောင်းလဲလွယ်မှု မြင့်မားသော ရွေးကောက်ပွဲများ စတင်မည့်နှစ် ဖြစ်ပါသည်။ ပထမဆုံးအနေဖြင့် မေလတွင် ထိုင်းနိုင်ငံ၌ ရွေးကောက်ပွဲများ ကျင်းပပြီးနောက်၊ ဒေသတွင်းရှိ လူဦးရေအများဆုံးနှင့် စီးပွားရေးအင်အား အတောင့်တင်းဆုံး ဖြစ်နိုင်ခြေရှိသည့် နိုင်ငံများတွင် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်များအတွင်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုဆောင်ရွက်မည်ဖြစ်ပြီး တင်းမာမှုများရှိပါမည်။ ရွေးကောက်ပွဲများ ပြုလုပ်မည့်နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ကဇတ်စတန်၊ ပါကစ္စတန်၊ စင်္ကာပူ၊ သီရိလင်္ကာတို့ ပါဝင်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံတွင် ပြုလုပ်မည့် ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲမှာ သမိုင်းတစ်လျှောက် အကြီးမားဆုံး ရွေးကောက်ပွဲလုပ်ငန်းစဉ် ဖြစ်ပါမည်။ မြန်မာစစ်အစိုးရကလည်း နိုင်ငံတကာ အသိအမှတ်ပြုမှု တိုးမြှင့်ရရှိရေးအတွက် အတုအယောင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

ယင်းရွေးကောက်ပွဲများ ကျင်းပပြုလုပ်ချိန်တွင် ငွေကြေးဖောင်းပွမှု မြင့်တက်လျက် စီးပွားရေး ထိုင်းမှိုင်းနေသည့်အပြင် ကမ္ဘာတစ်ဝန်းစီးပွားရေး ဆုတ်ယုတ်မှုလည်း ဖြစ်ပွားလာနိုင်ပါသည်။ ဒေသတွင်း စီးပွားရေးအင်အားကြီး နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံမှ စီးပွားရေးအခြေအနေ အချက်ပြသင်္ကေတများမှာလည်း စိုးရိမ်ပူပန်ဖွယ်ရာ ဖြစ်နေပါသည်။ ငွေကြေးဖောင်းပွမှုနှင့် စီးပွားရေး ဆုတ်ယုတ်မှု၊ ရာသီဥတု အပြောင်းအလဲကြောင့်ဖြစ်သည့် သဘာဝဘေးများနှင့် များသောအားဖြင့် ရုရှားက ယူကရိန်းကို ကျူးကျော်မှုကြောင့် ဖြစ်ပွားလာသည် စားနပ်ရိက္ခာ ဖြည့်ဆည်းမှုကွင်းဆက် (food supply chain) အန္တရာယ်ဖြစ်လွယ်မှုတို့ကို ထောက်ရှုလျက် ၂၀၂၃ ခုနှစ်တွင် အာရှနှင့် ပစိဖိတ်ဒေသမှာ တင်းမာမှုနှင့် အပြောင်းအလဲဖြစ်လွယ်မှုများပြားမည့် အခြေအနေဖြစ်ပါသည်။

အာရှနှင့် ပစိဖိတ်ဒေသတွင် ဌာနေဇာတိဖွားများကို ဦးစားပေးခြင်းနှင့် လစ်ဘရယ်ဆန့်ကျင်ရေးဝါဒီပြောဟောမှုများ တိုးပွားလျက်ရှိသည်ကို တွေ့ရပါသည်။ သတင်းအချက်အလက် အလွဲအမှားများ ဖြန့်ချိခြင်းဖြင့် လုပ်ဆောင်ကြခြင်းဖြစ်ပြီး နိုင်ငံအများအပြားတွင် စစ်ဘက်က အလိုတူအလိုပါ ပြုမူလျက်ရှိပါသည်။

ယင်းတို့မှာ ဒေသအတွက် ခံနိုင်ရည်စစ်ဆေးချက်များသဖွယ်ဖြစ်ပြီး ဒေသတစ်ဝန်း ဒီမိုကရေစီ အခြေခံအုတ်မြစ်များ ခိုင်မာမှုမရှိသည့် အခြေအနေတွင် ကြုံတွေ့ရမည်ဖြစ်ပါသည်။ အာရှနှင့် ပစိဖိတ်ဒေသတွင် ဌာနေဇာတိဖွားများကို ဦးစားပေးခြင်းနှင့် လစ်ဘရယ်ဆန့်ကျင်ရေးဝါဒီ ဟောပြောမှုများ တိုးပွားလျက်ရှိသည်ကို တွေ့ရပါသည်။ သတင်းအချက်အလက် အလွဲအမှားများ ဖြန့်ချိခြင်းဖြင့် လုပ်ဆောင်ကြခြင်းဖြစ်ပြီး နိုင်ငံအားလုံးမဟုတ်သော်လည်း နိုင်ငံအများအပြားတွင် စစ်ဘက်က အလိုတူအလိုပါ ပြုမူလျက်ရှိပါသည်။ အစိုးရအနေဖြင့် အခြေခံလွတ်လပ်ခွင့်များကို ကန့်သတ်၍ ဖိနှိပ်ရန်နည်းလမ်းကိရိယာများရရှိစေရေး ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းလျက် လိုအပ်ပါက တရားစီရင်ရေးအပိုင်းကို လက်နက်သဖွယ်အသုံးပြုပါသည်။ ဒီမိုကရေစီနည်းကျ ပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေးဒေသအဆင့် နည်းလမ်းကိရိယာများမရှိဘဲ ပထဝီနိုင်ငံရေးတင်းမာမှုများ မြင့်တက်လာသည့် အခြေအနေကြောင့် ဒေသမတည်ငြိမ်မှု ပိုမိုဖြစ်ပွားပါသည်။

သို့ရာတွင် ဒီမိုကရေစီအတိုးတက်ဆုံး နိုင်ငံအချို့မှာ ဤဒေသတွင် တည်ရှိပြီး အင်အားအကောင်းဆုံး ဒီမိုကရေစီလှုပ်ရှားမှုများကိုလည်း ဤဒေသတွင်ပင် တွေ့မြင်နိုင်ပါသည်။ လူငယ်အင်အားစုမှာလည်း လျစ်လျူရှုထား၍မရသော အင်အားစုအဖြစ်သို့ ရောက်ရှိလာပြီး (နီပေါ သို့မဟုတ် မလေးရှား မှာကဲ့သို့) တရားဝင်ပုံစံကျ နိုင်ငံရေးတွင် ပါဝင်လာပါသည်။ အာရှတိုက် အလယ်ပိုင်းမှာ ပစိဖိတ်ဒေသအထိ ဒီမိုကရေစီ တိုက်ပွဲဝင်ရာတွင်လည်း ဦးစီးဦးဆောင်ပြုလျက် ရှိပါသည်။ ဒီမိုကရေစီအတွက် မျှော်လင့်ချက်မှာ လူငယ်များအပေါ် မူတည်နေပါသည်။

# ရည်ညွှန်းကိုးကားသော စာအုပ်စာတမ်းများ

Aum, F., Galic, M. and Vandenbrink, R., 'Biden's Asia trip seeks to revitalize alliances, focus on China', United States Institute of Peace, 25 May 2022, <https://www.usip.org/publications/2022/05/bidens-asia-trip-seeks-revitalize-alliances-focus-china>, accessed 2 February 2023

Bangladesh, Government of the People's Republic of, Digital Security Act, Act XLVI of 2018, 30 September 2019, <https://www.cirt.gov.bd/wp-content/uploads/2020/02/Digital-Security-Act-2020.pdf>, accessed 2 February 2023

Bhabani, S., 'Bangladesh's help to Sri Lanka underlines need for SAARC revival', South Asia Monitor, 16 June 2022, <https://www.southasiamonitor.org/spotlight/bangladeshs-help-sri-lanka-underlines-need-saarc-revival>, accessed 2 February 2023

China, The National People's Congress of the People's Republic of, 'Data security law of the People's Republic of China', [n.d.], <http://www.npc.gov.cn/englishnpc/c23934/202112/1abd8829788946ecab270e469b13c39c.shtml>, accessed 2 February 2023

Cotterill, J. and Wheatley, J., 'China agrees landmark debt relief deal for Zambia', *Financial Times*, 30 July 2022, <https://www.ft.com/content/45521cfc-0eb3-4f11-be31-4ac08ac98a8c>, accessed 2 February 2023

*Dhaka Tribune*, '"SAARC may seem dead, but we should not bury it quite yet"', 27 November 2022, <https://www.dhakatribune.com/bangladesh/2022/11/27/saarc-may-seem-dead-but-we-should-not-bury-it-quite-yet>, accessed 2 February 2023

European Parliament, 'The continuous crackdown of political opposition in Cambodia, 5 May 2022', <https://www.europarl.europa.eu/delegations/en/the-continuous-crackdown-of-political-op/product-details/20220510DPU32902>, accessed 2 February 2023

Fernandez Gibaja, A., 'Repressing democracy online in Asia, one law at a time', International IDEA, 8 February 2022, <https://www.idea.int/blog/repressing-democracy-online-asia-one-law-time>, accessed 2 February 2023

Freeman, C. P., 'America's tactical multilateralism for Asia and its consequences', Torino World Affairs Institute, 19 July 2021, <https://www.twai.it/articles/america-tactical-multilateralism-asia>, accessed 2 February 2023

Hiroyuki, A., 'U.S.-China cold war more dangerous than U.S.-Soviet rivalry', Nikkei Asia, 26 November 2022, <https://asia.nikkei.com/Spotlight/Comment/U.S.-China-cold-war-more-dangerous-than-U.S.-Soviet-rivalry>, accessed 2 February 2023

Human Rights Watch (HRW), 'China: New UN report alleges crimes against humanity: Long-awaited analysis urges accountability for Uyghurs', 31 August 2022, <https://www.hrw.org/news/2022/08/31/china-new-un-report-alleges-crimes-against-humanity>, accessed 2 February 2023

Indra, B., 'Online smear campaigns play big role in election', *The Jakarta Post*, 27 March 2017, <https://www.thejakartapost.com/news/2017/03/27/online-smear-campaigns-play-big-role-election.html>, accessed 2 February 2023

International IDEA, *Global State of Democracy Report 2022: Forging Social Contracts in a Time of Discontent* (Stockholm: International IDEA, 2022), <https://doi.org/10.31752/idea.2022.56>

Kokas, A., 'Why TikTok is a threat to democracy', *Journal of Democracy*, October 2022, <https://www.journalofdemocracy.org/why-tiktok-is-a-threat-to-democracy>, accessed 2 February 2023

Lkhaajav, B. and Bazarsuren, B., 'Anti-corruption protests pressure the government of Mongolia', *The Diplomat*, 12 December 2022, <https://thediplomat.com/2022/12/anti-corruption-protests-pressure-the-government-of-mongolia>, accessed 2 February 2023

Nimmo, B., Hubert, I. and Cheng, Y., *Spamouflage Breakout: Chinese Spam Network Finally Starts to Gain Some Traction* (Graphika, 2021), <https://graphika.com/reports/spamouflage-breakout>, accessed 2 February 2023

Organization of American States (OAS), Charter of the Organization of American States: No. 1609, [n.d.], <https://treaties.un.org/doc/Publication/UNTS/Volume%20119/volume-119-I-1609-English.pdf>, accessed 2 February 2023

Paladino, B., 'Democracy disconnected: Social media's caustic influence on Southeast Asia's fragile republics', Brookings, July 2018, <https://www.brookings.edu/research/democracy-disconnected-social-medias-caustic-influence-on-southeast-asias-fragile-republics>, accessed 2 February 2023

Pryke, J., 'What next for Pacific regionalism?', The Interpreter, 10 February 2021, <https://www.lowyinstitute.org/the-interpreter/what-next-pacific-regionalism>, accessed 2 February 2023

Rahman, M. H., Anbarci, N. and Ulubaşoğlu, M. A., '"Storm autocracies": Islands as natural experiments', *Journal of Development Economics*, 159 (2022), p. 102982, <https://doi.org/10.1016/j.jdeveco.2022.102982>

Rappler, 'Patient Zero: A study on the Philippine information ecosystem', 17 February 2022, <https://www.rappler.com/newsbreak/in-depth/study-information-ecosystem-philippines>, accessed 2 February 2023

Rasidi, P. and Wijayanto, 'Normalising the new normal', Inside Indonesia, 13 October 2021, <https://www.insideindonesia.org/normalising-the-new-normal>, accessed 2 February 2023

Rasidi, P. P., 'Of play and good men: the moral economy of political buzzing in Indonesia', *Digital Technologies and Democracy in Southeast Asia (ISEAS)*, forthcoming, <https://www.academia.edu/49585894/Of_Play_and_Good_Men_The_Moral_Economy_of_Political_Buzzing_in_Indonesia_forthcoming_>, accessed 2 February 2023

Reporters without Borders, 'Asia – Pacific: Absolute and autocratic control of information', [n.d.], <https://rsf.org/en/region/asia-pacific>, accessed 2 February 2023

Riaz, A. and Parvez, S., 'A return of religion to politics', South Asians for Human Rights, [n.d.], <https://southasianrights.org/2021/03/24/a-return-of-religion-to-politics>, accessed 2 February 2023

Ríos, V., Ivaschenko, O. and Doyle, J., 'The impact of post-disaster assistance on government perception: Evidence from Fiji', 2019, <https://www.semanticscholar.org/paper/The-impact-of-post-disaster-assistance-on-%3A-from-R%C3%ADos-Ivaschenko/3f94e640f7c8f67d6d34b8551cc614e85e96788b>, accessed 2 February 2023

Robertson, G., *Lawfare: How Russians, the Rich and the Government Try to Prevent Free Speech and How to Stop Them* (London: HarperCollins Publishers, 2023)

Russell, C., 'Column: China's easing of Australian coal ban is symbolic, not market-shifting', Reuters, 9 January 2023, section Commodities, <https://www.reuters.com/markets/commodities/chinas-easing-australian-coal-ban-is-symbolic-not-market-shifting-russell-2023-01-09>, accessed 2 February 2023

Safeguard Defenders, *110 Overseas: Chinese Transnational Policing Gone Wild* (Safeguard Defenders, 2022) <https://safeguarddefenders.com/sites/default/files/pdf/110%20Overseas%20%28v5%29.pdf>, accessed 2 February 2023

Sastramidjaja, Y., 'Beating the buzzers', Inside Indonesia, 13 October 2021, <https://www.insideindonesia.org/beating-the-buzzers>, accessed 2 February 2023

Seah, S., Lin, J., Suvannaphakdy, S., Martinus, M., Pham Thi Phuong Thao, Seth, F. N. and Hoang Thi Ha, *The State of Southeast Asia: 2022 Survey Report* (Singapore: ISEAS-Yusof Ishak Institute, 2022), <https://www.iseas.edu.sg/articles-commentaries/state-of-southeast-asia-survey/the-state-of-southeast-asia-2022-survey-report>, accessed 2 February 2023

Strangio, S., 'Indonesia to establish special office to handle Myanmar crisis', *The Diplomat*, 12 January 2023, <https://thediplomat.com/2023/01/indonesia-to-establish-special-office-to-handle-myanmar-crisis>, accessed 2 February 2023

Sundar, S. S., Molina, M. D. and Cho, E., 'Seeing is believing: Is video modality more powerful in spreading fake news via online messaging apps?', *Journal of Computer-Mediated Communication*, 26/6 (2021), pp. 301–19, <https://doi.org/10.1093/jcmc/zmab010>

The Indian Express, 'An express investigation part 2: Look who all make up the murderous lynch mob', 15 July 2018, <https://indianexpress.com/article/india/murderous-mob-lynchings-accused-whatsapp-rumour-investigation-child-lifting-5249318>, accessed 2 February 2023

The Oxus Society for Central Asian Affairs, China's transnational repression of the Uyghurs, 2021, <https://oxussociety.org/viz/transnat-rep>, accessed 2 February 2023

The White House, 'Indonesia and international partners secure groundbreaking climate targets and associated financing', 15 November 2022, <https://www.whitehouse.gov/briefing-room/statements-releases/2022/11/15/indonesia-and-international-partners-secure-groundbreaking-climate-targets-and-associated-financing>, accessed 2 February 2023

Vietnam, The Government of, 'Decree elaborating a number of articles of the law on cybersecurity of Vietnam', No. 53/2022/NC-CP, 15 August 2022, <https://thuvienphapluat.vn/van-ban/EN/Cong-nghe-thong-tin/Decree-53-2022-ND-CP-elaborating-the-Law-on-cybersecurity-of-Vietnam/527750/tieng-anh.aspx>, accessed 2 February 2023

Yhome, K., 'COVID-19 crisis and SAARC diplomacy', Observer Research Foundation, 23 March 2020, <https://www.orfonline.org/expert-speak/covid-19-crisis-and-saarc-diplomacy-63598>, accessed 2 February 2023

Za Uk Ling, S., 'Time for the international community to abandon the ASEAN consensus on Myanmar', *The Diplomat*, 24 April 2022, <https://thediplomat.com/2022/04/time-for-the-international-community-to-abandon-the-asean-consensus-on-myanmar>, accessed 2 February 2023

Zhang, D. and Diamana, W., 'Is there a future for Pacific regionalism?', Asia & the Pacific Policy Society, 17 December 2021, <https://www.policyforum.net/is-there-a-future-for-pacific-regionalism>, accessed 2 February 2023

# နောက်ဆက်တွဲ (က) တက်ရောက်သူများစာရင်း

| | |
|---|---|
| **Dr George Varughese** | Niti Foundation |
| **Ms Irina Matvienko** | Do Not Be Silent (Ne Molchi) |
| **Dr Imelda Deinla** | Ateneo School of Government |
| **Dr Punchada Sirivunabood** | Mahidol University |
| **Dr Paikiasothy Saravanamuttu** | Centre for Policy Alternatives |
| **Ms Siok Sian Pek-Dorji** | Bhutan Centre for Media and Democracy |
| **Dr James Gomez** | Asia Centre |
| **Dr Niranjan Sahoo** | Observer Research Foundation |
| **Dr Benjamin Yh Loh** | Taylor’s University |
| **Mr Greg Kehailia** | Internews (Philippines office) |
| **Mr Phil Robertson** | Human Rights Watch |
| **Mr Max Walden** | Election Watch, Melbourne School of Government |
| **Ms Elyssa Lopez** | Philippine Center for Investigative Journalism |
| **Ms Thresinha Cardoso** | Women Caucus Timor Leste |
| **Ms Pricilia Baptista** | Women Caucus Timor Leste |
| **Mr Lee Chung Lun** | Asian Network for Free Elections |
| **Mr Hadar Nafis Gumay** | Network for Democracy and Electoral Integrity Jakarta |
| **Ms Pradipa Rasidi** | Engage Media |
| **Mr Feri Amsari** | Center for Constitutional Studies, University of Andalas |
| **Ms Titi Anggraini** | Perludem |
| **Mr Heroik Pratama** | Perludem |
| **Ms Khoirunnisa Nur Agustyati** | Perludem |
| **Mr Mahhardhika D.** | Perludem |
| **Ms Theresia Joice** | Perludem |
| **Ms Tammy Carolina** | Perludem |
| **Ms Leena Rikkila Tamang** | International IDEA |
| **Dr Seema Shah** | International IDEA |
| **Mr Alberto Fernandez** | International IDEA |
| **Ms Emma Kenny** | International IDEA |

# မိတ်ဖက်များအကြောင်း

## International IDEA

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International Institute for Democracy and Electoral Assistance) (International IDEA) သည် အစိုးရများ အဖွဲ့ဝင်အဖြစ် ပါဝင်ကြသော အဖွဲ့အစည်းဖြစ်ပါသည်။ အဖွဲ့ဝင် ၃၄ နိုင်ငံပါဝင်ဖွဲ့စည်းထားပြီး ၁၉၉၅ ခုနှစ်တွင် တည်ထောင်ပါသည်။ ကမ္ဘာတစ်ဝန်း ဒီမိုကရေစီ တိုးတက်ထွန်းကားရေးပံ့ပိုးရန် သီးသန့်လုပ်ငန်းတာဝန် အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်ပါသည်။

### အဖွဲ့၏ လုပ်ငန်းများ

International IDEAအဖွဲ့သည် နိုင်ငံအများ နှိုင်းယှဉ်လျက် မူဝါဒချမှတ်ရာတွင် လွယ်လင့်တကူ အသုံးပြုနိုင်မည့် အသိပညာများပြုစုပြီး ရွေးကောက်ပွဲများ၊ လွှတ်တော်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ နိုင်ငံရေးတွင် ငွေကြေးသုံးစွဲမှု၊ နိုင်ငံရေးကိုယ်စားပြုမှုတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များဆိုင်ရာ နည်းပညာအကူအညီ ပေးအပ်ပါသည်။ ယင်းလုပ်ငန်းအားလုံးကို ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက် (UN Sustainable Development Goal) များ ခေါင်းစဉ်အောက်တွင် ဆောင်ရွက်ပါသည်။ အဖွဲ့က ပြုစုထားသော ကမ္ဘာတစ်ဝန်း ဒီမိုကရေစီအခြေအနေ အညွှန်းကိန်းများ၊ အစီရင်ခံစာများကို အသုံးပြုလျက် ကမ္ဘာတစ်ဝန်းရှိ ဒီမိုကရေစီစနစ်အသီးသီး၏ ဆောင်ရွက်မှုကို သုံးသပ်ပါသည်။ ရာသီဥတုအပြောင်းအလဲနှင့် ဒီမိုကရေစီဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရေးအတွက် အဖွဲ့၏လုပ်ငန်းများကို တိုးချဲ့လျက်ရှိပါသည်။

အဖွဲ့တွင်ရရှိထားသော အသိပညာကို အသုံးပြုလျက် ကမ္ဘာတစ်ဝန်းရှိ အစိုးရများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ နည်းပညာအကူအညီနှင့် ကျွမ်းကျင်သူ အကြံဉာဏ် ပေးအပ်ပါသည်။ မဲဆန္ဒရှင်များ လာရောက်မဲထည့်သည့်နှုန်းမှအစပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရာတွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအထိ အကြောင်းအရာအမျိုးမျိုးအတွက် စာအုပ်များ၊ အချက်အလက် မှတ်တမ်းစု (database) များ၊ မိတ်ဆက်ဖတ်စာ (primer) များကို နှစ်စဉ်ဘာသာစကားအသီးသီးဖြင့် ပုံနှိပ်ထုတ်ဝေပါသည်။ အဖွဲ့၏ လုပ်ငန်းအားလုံးတွင် ဂျန်ဒါတန်းတူညီမျှမှုနှင့် အများပါဝင်မှု (inclusion) ကို အဓိကလုပ်ငန်းတစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်ပါသည်။

သက်ရောက်မှု ပိုမိုကြီးမားစေရန်အတွက် အာဖရိကသမဂ္ဂ (African Union)၊ ဥရောပသမဂ္ဂ (European Union)နှင့် ကုလသမဂ္ဂ (United Nations) အပါအဝင် ခံယူချက်သဘောထားတူညီသော အဖွဲ့အစည်းများနှင့်ဆွေးနွေးခြင်း၊ လုပ်ငန်းစဉ်သတ်မှတ်ရေး အစည်းအဝေးများ ပြုလုပ်ခြင်း၊ မိတ်ဘက်လုပ်ငန်းလုပ်ဆောင်ခြင်းများပြုလုပ်ပါသည်။

### ကျွန်ုပ်တို့၏ လုပ်ငန်းနေရာများ

အဖွဲ့၏ ရုံးချုပ်မှာ စတော့ဟုမ်းမြို့တွင် တည်ရှိပါသည်။ ဒေသအလိုက်နှင့် နိုင်ငံအလိုက် ရုံးများကို အာဖရိကတိုက်၊ အာရှ-ပစိဖိတ်ဒေသ၊ ဥရောပတိုက်နှင့် လက်တင်အမေရိကနှင့် ကယ်ရစ်

ဘီယမ် ဒေသများတွင် ဖွင့်လှစ်ထားရှိပါသည်။ International IDEA အဖွဲ့သည် ကုလသမဂ္ဂတွင် အမြဲတမ်း လေ့လာသူဖြစ်ပြီး ဥရောပသမဂ္ဂ အဖွဲ့အစည်းများကလည်း တရားဝင် အသိအမှတ်ပြု သော အဖွဲ့အစည်းဖြစ်ပါသည်။

<https:// www .idea .int>

## PERLUDEM အဖွဲ့

Perkumpulan untuk Pemilu dan Demokrasi (Association for Election and Democracy) (ရွေးကောက်ပွဲနှင့် ဒီမိုကရေစီအသင်း) သည် အင်ဒိုနီးရှားအခြေစိုက် သီးခြားလွတ်လပ် သော အမြတ်အစွန်းမရယူသည့် အဖွဲ့အစည်းဖြစ်ပါသည်။ 'ဒီမိုကရေစီနိုင်ငံအဖြစ် ပေါ်ထွက်လာ ရေးနှင့် ပြည်သူလူထု၏ လွတ်လပ်မှုကို အားပေးမြှင့်တင်ပြီး ပြည်သူလူထု၏ အချုပ်အချာအာဏာ ပိုင်ဆိုင်မှုကို ဦးထိပ်ပန်ဆင်သော ရွေးကောက်ပွဲများဖြစ်စေရေး'ကို လုပ်ငန်းတာဝန်အဖြစ် ခံယူပါ သည်။

Perludem အဖွဲ့ လုပ်ငန်းဆောင်ရွက်သည့် နယ်ပယ်အတိုင်းအတာမှာ သုံးပိုင်း ခွဲခြားနိုင်ပါ သည်။ (က) ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို သုတေသနပြုလုပ်ခြင်းကဲ့သို့သော အကဲဖြတ် သုံးသပ်ခြင်း လုပ်ငန်းများ (ခ) ရွေးကောက်ပွဲများအကြောင်း သိရှိနားလည်မှု တိုးတက်ကောင်းမွန် စေရန် ရွေးကောက်ပွဲတွင် အကျိုးသက်ဆိုင်ပါဝင်သူများကို လေ့ကျင့်သင်တန်းပေးသည့် လုပ်ငန်း များ နှင့် (ဂ) ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် တည်ဆဲရွေးကောက်ပွဲစည်းမျဉ်းများနှင့် အညီ ဆောင် ရွက်ကြောင်း သေချာစေရန် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို စောင့်ကြပ်လေ့လာသည့်လုပ်ငန်းများ ဖြစ်ပါသည်။

**International IDEA**
စတွန်းစ်ဘော့ဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်- +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်မှ ၆ ရက်တွင် International IDEA က အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ဒီမိုကရေစီ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ ထိပ်တန်းကျွမ်းကျင်သူ ၃၀ ဦးကို စုစည်းလျက် ပထမအကြိမ် အာရှ-ပစိဖိတ်ဒေသ ဒီမိုကရေစီ အလားအလာ ဖိုရမ်ဆွေးနွေးပွဲ (Democracy in Asia and the Pacific Outlook Forum) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ နိုင်ငံ ၁၂ နိုင်ငံမှ အဖွဲ့အစည်း ၂၃ ဖွဲ့ကို ကိုယ်စားပြုလျက် တက်ရောက်လာကြသူများသည် အကြောင်းအရာအလိုက် ဆွေးနွေးပွဲ ၇ ချိန်အတွင်း အာရှ-ပစိဖိတ်ဒေသ ဒီမိုကရေစီဆိုင်ရာ အဓိက အလားအလာများကို ဆွေးနွေးခဲ့ကြပါသည်။

ယင်းဆွေးနွေးပွဲအချိန်များတွင် ဆွေးနွေးမည့်အကြောင်းအရာများကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများဆိုင်ရာ ကျွမ်းကျင်သူအချို့နှင့် တိုင်ပင်ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းခြင်းများ ကြိုတင်ပြုလုပ်၍ သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။ လူ့အခွင့်အရေးများ၊ ဒေသအဆင့် ပူးပေါင်းဆောင်ရွက်ရေး၊ ရာသီဥတု အပြောင်းအလဲ၊ တရုတ်နိုင်ငံ၊ သတင်းအချက်အလက် အလွဲအမှားများဖြန့်ချိခြင်း (disinformation)၊ ရွေးကောက်ပွဲဖြင့် တက်လာသော အာဏာရှင်စနစ်နှင့် စစ်ရေးလွှမ်းမိုးမှု (electoral authoritarianism and militarization)၊ နိုင်ငံရေးနှင့် စပ်လျဉ်းသည့် ငွေကြေးကိစ္စ (political finance) ဟူသော အကြောင်းအရာများဖြင့် ဆွေးနွေးပွဲအချိန်များပြုလုပ်ခဲ့ပြီး ဒေသတွင်း ဒီမိုကရေစီ လက်ရှိအခြေအနေကို သုံးသပ်လျက် လာမည့်နှစ်တွင် အဆုံးအဖြတ်ပေးနိုင်သည့် အကြောင်းအချက်များကို ကြိုတင်ခန့်မှန်းခဲ့ပါသည်။

ISBN: 978-91-7671-682-3
DOI: https://doi.org/10.31752/idea.2023.2